မြန်မာ့အလင်း

၁၂၇၇ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်(၆၀)ပြည့်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်(၆၀)ပြည့်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ၆နာရီ ၄၅မိနစ်တွင် ညစာစားပွဲကျင်းပသည့် ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ခန်းမအတွင်း ခင်းကျင်းပြသထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်(၆၀)အတွင်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံရှင်းလင်းပြသသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်(၆၀)ပြည့်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ညစာစားပွဲတွင် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အထိမ်းအမှတ်ကိတ်လှီးဖြတ်

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့သည် နှစ်(၆၀)ပြည့်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ဇနီးနှင့် ဧည့်သည်တော်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် စက်တင်ဘာ ၂၉ ရက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်

ကမ္ဘာ့လူတုပ်ကွေးရောဂါသည် ကူးစက်မှုမြန်ဆန်ပြီး ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ကြရမည်ဖြစ်၍ ထိုဆုံးရှုံးမှုများကိုကာကွယ်နိုင်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

အထူးသဖြင့် ကျောင်းနေကလေးသူငယ်များနှင့် လူငယ်လူရွယ်များအတွက် ကျောင်းများတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ သိကောင်းစရာများ၊ စာစောင်များကိုမှီငြမ်း၍ ကူးစက်ပုံနှင့်ကာကွယ်ပုံများကို နားလည်သဘောပေါက်စေရန် ပညာပေးဟောပြောသည်။

ကျောင်းသားလူငယ်များ နှာချေ၊ ချောင်းဆိုးလျှင် လိုက်နာရမည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်း၊ လက်ကိုမကြာခဏ စင်ကြယ်စွာဆေးကြောခြင်း၊ လူစုလူဝေးနေရာများသို့ သွားရောက်မှုမှ ရှောင်ကြဉ်ခြင်းနှင့် ပါးစပ်၊ နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်အသုံးပြုခြင်းတို့ကို ဆရာ ဆရာမများက ဂရုတစိုက် ကြပ်မတ်ကြည့်ရှုကြရမည်ဖြစ်သည်။

ကျောင်းပရဝဏ်နှင့် စာသင်ခန်းများတွင်လည်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စာသင်ခန်းများ လေဝင်လေထွက်ကောင်းမွန်ရေးကို ဂရုပြုဆောင်ရွက်ခြင်းနှင့် မကြာခဏ လက်ဆေးနိုင်ရန်အတွက် ရေနှင့်ဆပ်ပြာတို့ကို ထားရှိပေးထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ New Influenza A(H1N1) အတည်ပြုလူနာ ၄၆ဦးရှိပြီး သေဆုံးသူမရှိဘဲ ၄၁ဦးသည် ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်းပေးခဲ့ပြီးဖြစ်၍ လက်ရှိဆေးရုံတက် လူနာငါးဦးသာရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စက်တင်ဘာ ၂၅ရက်က ထုတ်ပြန်ချက်အရ ယင်းရောဂါဖြင့်သေဆုံးသူ ကမ္ဘာတစ်ဝန်း၌ စုစုပေါင်း ၃၉၁၇ဦးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ကူးစက်ရောဂါဝင်ရောက်နိုင်သည့် ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းများနှင့် နယ်စပ်များမှ ရောဂါဝင်ရောက်ခြင်းမပြုနိုင်ရန် စနစ်တကျ ကြည့်ရှုစစ်ဆေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်၍ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်သော သိကောင်းစရာများကို သိရှိလိုက်နာကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်မတော်တဆမှု ပပျောက်ရေး ကျိုင်းတုံတွင် ရှောင်တခင်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ရင်ရင်မြ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်သန်းဇော်လင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိန်လှိုင်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် စက်တင်ဘာ ၂၃ရက်က ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို စစ်ဆေးကြသည်။ ယင်းသို့စစ်ဆေးရာတွင် မော်တော်ယာဉ်များကြွခိုင်မှုရှိ မရှိ၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့်ညီညွတ်မှုရှိ မရှိ၊ ယာဉ်သက်တမ်းများကျော်လွန်မှုရှိ မရှိ၊ လုပ်ငန်းလိုင်စင်ရှိ မရှိ၊ သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှုရှိ မရှိတို့ကို ရှောင်တခင်စစ်ဆေးပြီး ပညာပေးဆောင်ရွက်ကြသည်။ (အောက်ပုံ) (ကညန)

မြဝတီရုပ်မြင်သံကြား

၂၉-၉-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လျှပ်တစ်ပြက်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	အင်္ဂလိပ်စာသုတ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ကလေးတို့ကမ္ဘာ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၁၂)

စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် စပါးမျိုးသန့်စိုက်ခင်းများ
လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၂၁ရက် ညနေပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာနရှိ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် စပါးမျိုးသန့်ထုတ်လုပ်သည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ယင်းနောက် ဝန်ကြီးအား ခြံမန်နေဂျာ ဒေါက်တာရဲတင့်ထွန်းက ဧရာမင်း၊ မှော်ဘီမွေး၊ မနောသွန်း၊ ဆင်းသွယ်လတ်၊ လုံးသွယ်မွေး၊ မှော်ဘီ(၂)၊ မှော်ဘီ(၅)၊ မှော်ဘီ(၄)၊ ဆင်းနွယ်ရင်၊ ကျော်ဇေယျ၊ မှော်ဘီ(၃)နှင့် ရတနာတိုး စသည့်စပါးမျိုး ၁၂မျိုးအား ခေါင်နှံရွေးချယ်စိုက်ပျိုး၍ ဗီဇတည်ငြိမ်သော မျိုးများရရှိရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပေါ်ဆန်းရင်စပါးမျိုးနှင့် ဒေသအတွက်ကောင်း မနောသွန်းစပါးမျိုးတို့ နှိုင်းယှဉ်စိုက်ပျိုးထားသည့် စိုက်ခင်း၌ စိုက်ပျိုးသည့်စနစ်နှင့် တွေ့ရှိချက် သုတေသနမှတ်တမ်းများကိုလည်းကောင်း ရှင်းလင်းပြသသည်။

ဖြန့်ဖြူးမှု

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် အထွေထွေမန်နေဂျာ ဦးစံညွှန့်တို့က စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှရရှိသည့် အခြေခံမျိုးအဆင့်(၁)နှင့် အခြေခံမျိုးအဆင့်(၂)တို့ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ခြံများမှ မျိုးသန့်အဆင့်(၁) ပွားယူကာ တောင်သူလယ်သမားများသို့ မျိုးသန့်အဆင့် (၂)အဖြစ် ဖြန့်ဖြူးမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက သုတေသနဆောင်ရွက်ချက်မှတ်တမ်းများ ပြုစုထားရှိရေး၊ မျိုးစေ့ခြံများမှ စမ်းသပ်တွေ့ရှိချက်များကို မူရင်းမျိုးများထုတ်လုပ်ပေးခဲ့သော စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ပြန်လည်ပေးပို့ရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အလားအလာရှိသော မျိုးခံစိုက်ပျိုးနိုင်သည့် အခြားစပါးမျိုးများကိုလည်း လေ့လာစမ်းသပ်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး စပါးမျိုးသန့်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ထိုမြို့နယ်တွင် စာဖတ်ဝိုင်းဆွေးနွေး

ကျိုက်ထို စက်တင်ဘာ ၂၈

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် (ဓာတ်ပုံ-၂) ဦးဝင်းမောင်က စိမ်းလဲ့ရွှေပြည်အတွဲ(၆) အမှတ်(၁၉)မှ သိန်းဟန်လင်းရေးသားသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ (စာထောက်-၃) ဒေါ်သန်းသန်းမော်က စက်တင်ဘာ ၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မြတ်မိုးရေးသားသည့် စာဖတ်ရှိန်မြှင့်တင်ဖို့ ရပ်ရွာပညာပဒေသာဌာနဖွဲ့ကြစို့ဆောင်းပါးကိုလည်းကောင်း၊ (အငယ်တန်းစာရေး) ဒေါ်အေးယုဝေက ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၁၇)မှ ခေါင်းကြီးပိုင်းကိုလည်းကောင်း ဖတ်ကြားပြီး ဦးစီးမှူး ဒေါ်ခင်စောလင်းက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

Myanmar Golf Tour (2009-2010) NAY PYI TAW OPEN ဂေါက်သီးရိုက်ပြိုင်ပွဲ နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့ကကြီးမှူး၍ Air Bagan Ltd., နှင့် International Beverages Trading Co.,Ltd.(IBTC) တို့မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010)၏ ပထမပွဲစဉ်အဖြစ် NAY PYI TAW OPEN ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ၂၉ရက်မှ အောက်တိုဘာ၂ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-in-One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ကြမည်ဖြစ်သည်။

စာရင်းသွင်းနိုင်

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် နေပြည်တော် ဂေါက်ကွင်း ဖုန်း-၀၆၇-၄၁၀၀၀၀ သို့ ဆက်သွယ် အမည်စာရင်းပေးသွင်းနိုင်သည်။

ထပ်မံပံ့ပိုး

အဆိုပါပြိုင်ပွဲကို မြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd., နှင့် International Beverages Trading Co.,Ltd(IBTC) က အဓိကကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co.,Ltd., Bay of Bangle Resorts (BOB), TMW Enterprise Ltd. (INAX,T-Home), CEPSA Lubricantes, ACCEL International Co., Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd, GP Watch တို့က ထပ်မံပံ့ပိုးကူညီကြသည်။ **(မြန်မာ့အလင်း)**

ကိုယ်ဝန်ဆောင်လွှမ်းခြုံမှု မြှင့်တင်ရေး အသိပေးသင်တန်းဖွင့်

ဝက်လက် စက်တင်ဘာ ၂၈

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးခြင်းနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေပြည်က ကိုယ်ဝန်ဆောင်များသိကောင်းစရာနှင့် ကျန်းမာရေးဝန်ထမ်းများ ကျွမ်းကျင်မှုရှိစေရေးအတွက် ပညာပေးဟောပြောသည်။

ထို့နောက် နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာရန်နိုင်က ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေးကို အသိပညာပေးဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ်မြောက် စုပေါင်းအလှူပွဲကို အောက်တိုဘာ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၂ စဥ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအုံးကျော် (ငြိမ်း) ဖုန်း-၅၄၉၃၀၁၊ ၅၅၆၂၅၄၊ ၀၉-၅၁-၈၅၉၇၂၊ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးဖေသိန်း(ငြိမ်း) ဖုန်း-၅၇၉၄၅၅၊ ၀၉-၅၀-၁၂၆၂၀၊ အတွင်းရေးမှူးဗိုလ်ကြီးသန်းဌေး (ငြိမ်း) ဖုန်း-၃၉၃၁၀၅၊ ၀၉-၅၁-၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅-၃၇၀၉၂၊ အသင်းတိုက် ဖုန်း-၂၂၆၅၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိ အကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော်ဦးတိလောက

စက်တင်ဘာ ၂၈ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေး ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်း - ကျော်) (သတင်းစဉ်)

မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် စက်တင်ဘာ ၂၇ရက်တွင် မန္တလေးတိုင်းခရိုင်ချင်းဆက်လမ်း အမှတ် (၂) နေပြည်တော်တပ်ကုန်းအပိုင်း ကင်းသာရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ခုနစ်ဖွဲ့တို့အား ဖြန့်ခွဲတာဝန်ပေး၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၂)နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာမှ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ အထိ အရှည်၁၁ဝမိုင် ၂ဖာလုံအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခုနစ်ဖွဲ့တို့က လုပ်ငန်းအဖွဲ့ ၁၈ဖွဲ့ဖြင့် ဖြန့်ခွဲတာဝန်ပေး၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းခင်းနေမှုနှင့် ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ရွှေမြင်တင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာမှူးတို့က ကတ္တရာလမ်းခင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်၌ ဝါးကုန်းသစ်သားတံတားအား ပိုင်ရိုက်စက်ဖြင့် တံတားတိုင်များ တည်ဆောက်နေမှုကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ မိုင်းမောကျေးရွာအနီးနှင့် ကျောက်ဆည်မြို့နယ် ကလေးကျေးရွာအနီးတို့၌ ကတ္တရာလမ်းခင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်မြို့ မြို့ရေပေးဝေရေးစက်ရုံအမှတ်(၁)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးကိုလည်းကောင်း၊ ကျောက်ဆည်မြို့တွင်း သန့်ရှင်းသာယာလှပမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးအား ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာမှူးတို့က စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပိုမိုကောင်းမွန်

မန္တလေးတိုင်းအတွင်းရှိ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သည် ကျောက်ချောလမ်း ၁၁ဝမိုင် ၂ဖာလုံကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခု ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဆင့်သို့ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်၍ ယင်းလမ်းတစ်လျှောက်ရှိ မြို့နယ် ကိုးမြို့နယ်တို့မှ ကျေးရွာပြည်သူများ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန် တိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုနိုင်ငံတည်ထောင်ရေး စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်စက်ရုံများ၏စွမ်းဆောင်ရည်များ အသုံးချတီထွင်ကြံဆ

နေပြည်တော် စက်တင်ဘာ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စက်တင်ဘာ ၂၆ရက်နှင့် ၂၇ရက်တို့တွင် အမှတ်(၁)စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)၊ အမှတ်(၁)လယ်ယာသုံးပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)နှင့် စက်မှုသင်တန်းကျောင်း (ဆင်တဲ)တို့သို့ရောက်ရှိပြီး စက်ရုံများ၏ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် ဘဏ္ဍာရေးသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

တီထွင်ကြံဆ

ထို့နောက် ဝန်ကြီးက ထုတ်ကုန်များ၏ အရည်အသွေးပိုမိုပြည့်ဝပြီး အရာထမ်း၊ အမှုထမ်းများ စိတ်ဓာတ်မြင့်မားစွာ စက်မှုနိုင်ငံတော်တည်ဆောက်ကြရန်၊ သင်တန်းကျောင်းအနေဖြင့် စက်မှုနိုင်ငံတော်တည်ထောင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး အလေးအနက်ထားကြိုးပမ်းကြရန်နှင့် စက်ရုံများ၏ စွမ်းဆောင်ရည်များကို အစွမ်းကုန်အသုံးချနိုင်ရေးတီထွင်ကြံဆ ကြိုးစားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)



ရှေးဟောင်းကားပြပွဲ

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် ဂျီနီဗာ ရှေးဟောင်းကားပြပွဲတွင် ပြသထားသော ၁၉၁၀ပြည့်နှစ်က မီးသတ်ယာဉ်ကို စက်တင်ဘာ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး

အာဖရိကသမဂ္ဂ တိုက်တွန်းပြောကြား

ပေါ်လာမာ(ဗင်နီဇွဲလား) စက်တင်ဘာ ၂၈

အာဖရိကနိုင်ငံများသည် လက်တင်အမေရိကနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်ကိုချမှတ်ရန် အသင့်ရှိကြောင်း အာဖရိကသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ မစ္စတာပင်းက စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ဖော် ပြောကြားသည်။

ယင်း ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်မှာ အာဖရိကတိုက်နှင့် လက်တင်အမေရိကတိုက်တို့၏ ချစ်ကြည်ရေးမြှင့်တင်မှု ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း မြောက်အာဖရိက-တောင်အမေရိက ထိပ်သီးအစည်းအဝေး (အေအက်စ်အေ) တွင် မစ္စတာပင်းက ပြောကြားသည်။

စက်တင်ဘာ၂၅ ရက်မှ စတင်ကာ နှစ်ရက်ကြာ ကျင်းပသည့် ယင်းထိပ်သီးအစည်းအဝေးသို့ အာဖရိက၁၅နိုင်ငံနှင့် လက်တင်အမေရိကခြောက်နိုင်ငံမှခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

(အင်တာနက်)

နျူကလီးယား လက်နက်ဖျက်သိမ်းရေး အိန္ဒိယနိုင်ငံ အလေးထားဦးစားပေး

ဂျီနီဗာ စက်တင်ဘာ ၂၈

အိန္ဒိယနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးရည်မှန်းချက်ကို ထိပ်ဆုံးဦးစားပေး အဖြစ်ထားရှိပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အကာအကွယ်ပေးရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှနာက စက်တင်ဘာ ၂၈ရက်တွင် စတုတ္ထမြောက်နေ့အဖြစ် ကျင်းပသည့် ကုလသမဂ္ဂညီလာခံ နှစ်ပတ်လည်အစည်းအဝေး၌ ပြောကြားလိုက်သည်။

ဆွေးနွေး

နျူကလီးယား လက်နက်မဲ့ကမ္ဘာကြီးဖြစ်ရေး အချေအတင်ဆွေးနွေးမှုကို မိမိတို့ကြိုဆိုကြောင်းကိုလည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ထပ်လောင်းပြောကြားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမြန်ရထားလမ်းသစ်များ တရုတ်နိုင်ငံ၌ဖွင့်လှစ်

ပေကျင်း စက်တင်ဘာ ၂၈

တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ ဖူကျန့်ပြည်နယ်နှင့် ကျီကျင်းပြည်နယ်သို့ဆက်သွယ်သည့် အမြန်ရထားလမ်းသစ်နှစ်လမ်းကို စက်တင်ဘာ ၂၈ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ရာ တောင်တန်းထူထပ်ရာ ဖူကျန့်ပြည်နယ်မှသည် ယန်ဇီမြစ်ဝှမ်းဒေသသို့ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

ဖူကျို့-ဝန်ကျို့ အမြန်ရထားလမ်း၌ ရထားများမှာ တစ်နာရီကီလိုမီတာ ၂၅၀ နှုန်းဖြင့် ခုတ်မောင်းသွားလာနိုင်သည်။ ယခင်က ဖူကျို့မြို့မှ ဝန်ကျို့မြို့သို့ ၁၅ နာရီကြာ သွားလာရာမှ ယခုအခါ မိနစ် ၁၀၀ဖြင့် အရောက်သွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ ဝန်ကျို့-နိုင်ဘို အမြန်ရထားလမ်းမှလည်း အမြန်ရထားများ ခုတ်မောင်းနိုင်သည်။

တည်ဆောက်

အမြန်ရထားလမ်း နှစ်လမ်းပေါင်း အရှည်မှာ ကီလိုမီတာ ၅၈၀ရှိကာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့မြောက်ဘက်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်မြို့၌ ဗုံးပေါက်ကွဲမှုအတွင်း ပျက်စီးသွားသော ကားတစ်စီးကို စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၄၂ဦး

အာဖရိကနှစ်နိုင်ငံသို့ စေလွှတ်မည်

ဖနောင်ပင် စက်တင်ဘာ ၂၈

ကမ္ဘောဒီးယားအစိုးရသည် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် တပ်ဖွဲ့ဝင် ၄၂ ဦးကို ဗဟိုအာဖရိကသမ္မတနိုင်ငံနှင့် ချဒ်နိုင်ငံများသို့ စေလွှတ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယား သတင်းဌာနက ထုတ်လွှင့်သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ်ထံမှ သဘောတူအတည် ပြုချက်ရယူပြီးနောက် လာမည့်နိုဝင်ဘာလတွင် တပ်ဖွဲ့ဝင်များကို စေလွှတ်မည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် နာဟမ်ဆာဗက်ကပြောကြားသည်။

စေလွှတ်

မိမိတို့အနေဖြင့် အခြားအင်ဂျင်နီယာတပ်ဖွဲ့ဝင် ၈၀ကျော်ကို ၂၀၁၀ပြည့်နှစ်ဝက်ထက် နောက်မကျစေဘဲ ဗဟိုအာဖရိကသမ္မတနိုင်ငံနှင့် ချဒ်နိုင်ငံများသို့ စေလွှတ်ရန် စီစဉ်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

လူမျိုးစုခေါင်းဆောင် ပါကစ္စတန်၌ ဗုံးထိသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘာကာဟယ်ဒေသ၌ စက်တင်ဘာ ၂၈ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူမျိုးစုခေါင်းဆောင်တစ်ဦးနှင့် အခြားပြည်သူသုံးဦး ဗုံးထိသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ဂူလ်ဟာကင်အမည်ရှိ အဆိုပါ လူမျိုးစုခေါင်းဆောင်သည် တာလီဘန်ဆန့်ကျင်ရေးသမား တစ်ဦးဖြစ်သည်။ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးက ဂူလ်ဟာကင်၏ ကားအနီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

နှစ်ကြိမ်

ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်အနောက်မြောက်ပိုင်း၌ မကြာမီရက်များက အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားပြီးနောက် တိုက်ခိုက်ခဲ့သည့် အသေခံ ဗုံးခွဲတိုက်ခိုက်မှုပင် ဖြစ်သည်။ ၎င်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ဂူလ်ဟာကင်၏ ကားမှာ လုံးဝပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ရှေးအကျဆုံး ကုန်တင်သင်္ဘော ကွမ်တုံပြည်နယ် ရေပိုင်နက်၌တွေ့ရှိ

ကွမ်ကျို့ စက်တင်ဘာ ၂၈

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တောင်ပိုင်း၌ နှစ်ပေါင်း ၈၀၀ကျော်က နစ်မြုပ်ခဲ့သော ကုန်တင်သင်္ဘောတစ်စင်းကို တရုတ်ရှေးဟောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိကြောင်း ဆင်ဟွာသတင်းဌာနမှ ထုတ်ပြန်သည်။ ယင်းသင်္ဘောပေါ်တွင် အဖိုးတန်ကြွေထည် လက်မှုအနုပညာလက်ရာပစ္စည်း ၂၀၀ ကျော်ပါရှိကြောင်း ဆက်လက်ဖော်ပြသည်။

ပြောကြား

ယင်းသင်္ဘောကို ရက်ပေါင်း ၄၀ကြာ တူးဖော်စစ်ဆေးမှုမှာ စက်တင်ဘာ ၂၆ရက်က ပြီးခဲ့ကြောင်း သင်္ဘော၏ကိုယ်ထည်ကို လာမည့်နှစ်တွင် စတင်တူးဖော်လိမ့်မည်ဟု ရှေးဟောင်းသုတေသန တူးဖော်ရေးပညာရှင် ဝီဂျန်ကပြောကြားသည်။

နန်ဟိုင်းအမှတ်-၁အမည်ရှိ အဆိုပါသင်္ဘောသည် ဆွန်မင်းဆက် (၉၆၀-၁၂၇၉) လက်ထက်ဖြစ်ပြီး ယင်းသင်္ဘောပေါ်တွင် ပစ္စည်းအမျိုးအစား ၆၀၀၀၀မှ ၈၀၀၀၀ ကျော် ပါရှိမည်ဟု ခန့်မှန်းရသည်။

ရှာဖွေတွေ့ရှိ

တရုတ်ရေပိုင်နက်အတွင်း၌ တွေ့ရှိရသော နန်ဟိုင်းအမှတ်-၁ သင်္ဘောသည် တန်ချိန် ၅၀၀၀ကျော်ရှိပြီး ရှေးအကျဆုံးနှင့် အကြီးမားဆုံးဖြစ်ကြောင်း ယင်းသင်္ဘောကို ရန်ဂျန်းမြို့အနီးကမ်းလွန်၌ ၁၉၈၇ခုနှစ်အတွင်းက ရှာဖွေတွေ့ရှိခဲ့ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှင်းများထူထပ်

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ နှင်းများထူထပ်စွာ ကျဆင်းနေသည်ကို စက်တင်ဘာ ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကန်တပ်ဖွဲ့ဝင်များ အာဖဂန်နိုင်ငံသို့ ထပ်မံစေလွှတ်မည်

ဝါရှင်တန် စက်တင်ဘာ ၂၈

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်မဖြစ်နိုင်သေးကြောင်း၊ အကြမ်းဖက်နှိမ်နင်းမှုများကို အပြီးသတ်နှိမ်နင်းရန် နိုင်ငံစုံတပ်ဖွဲ့ဝင်များတိုးမြှင့်စေလွှတ်ရေးကို ဆုံးဖြတ်ထားရှိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ပြောကြားချက်ကို စက်တင်ဘာ ၂၇ရက်တွင် ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ကြေညာသည်။

အသင့်ရှိ

ယခုနှစ်အစောပိုင်းက အာဖဂန်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အသင့်စီစဉ်ထားရှိကြောင်းကို အိုဘားမား ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယခုနှစ်နှောင်းပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၈၀၀၀ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

၎င်းနိုင်ငံ၏ လုံခြုံရေးနှင့်အချုပ်အခြာအာဏာတည်ငြိမ်ရေးအတွက် စစ်ဗျူဟာများဆင်နွှဲကာ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်ရန် ဆုံးဖြတ်ထားကြောင်း အိုဘားမားက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

သမိုင်းဝင် သတင်းသုတအဖြာဖြာ   သမိုင်းဝင် သတင်းသုတအဖြာဖြာ   သမိုင်းဝင် သတင်းသုတအဖြာဖြာ   သမိုင်းဝင် သတင်းသုတအဖြာဖြာ

ဗီယက်နမ်စစ်ပွဲဖြစ်ပွားခဲ့မှု

၁၉၅၄ခုနှစ်၌ ဗီယက်နမ်နိုင်ငံသည် ဒင်ဘင်ဖူးစစ်ပွဲဖြင့် ပြင်သစ်လက်အောက်မှ လွတ်မြောက်ခဲ့သည်။ သို့သော် ဂျီနီဗာစာချုပ်အရ ဗီယက်နမ်တောင်ပိုင်းနှင့် ဗီယက်နမ်မြောက်ပိုင်းဟူ၍ နှစ်ပိုင်းကွဲခဲ့သည်။ တောင်ဗီယက်နမ်ကို အမေရိကန်တို့က ထောက်ခံအားပေးခဲ့သည်။ ဗီယက်နမ်မြောက်ပိုင်းကို ဗီယက်နမ်ကွန်မြူနစ်တို့ ထိန်းချုပ်နိုင်ခဲ့သည်။

စစ်ပွဲပြီးဆုံး

၁၉၅၉ခုနှစ်၌ တောင်ဗီယက်နမ်ကိုအားပေးသော အမေရိကန်တို့နှင့် ကွန်မြူနစ် မြောက်ဗီယက်နမ်တို့ စစ်ဖြစ်ပွားသည်။ ကွန်မြူနစ်မြောက်ဗီယက်နမ်တို့ အနိုင်ရရှိပြီး ၁၉၇၅ခုနှစ် ဧပြီ ၃၀ရက်၌ စစ်ပွဲပြီးဆုံးခဲ့သည်။ ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၅၈၁၉၅ဦး သေဆုံးပြီး လူ၂၀၀၀ပျောက်ဆုံးကာ ၃၀၃၆၃၅ဦး ဒဏ်ရာရရှိခဲ့သည်။

ပြန်ပေါင်းစည်း

ထို့အတူ မြောက်ဗီယက်နမ်မှ ဗီယက်ကောင်းတို့သေဆုံးသူနှင့် ပျောက်ဆုံးသူဦးရေ ၁၁၇၆၀၀၀ရှိပြီး ဒဏ်ရာရရှိသူ ၆၀၀၀၀၀ရှိခဲ့သည်။ တောင်ဗီယက်နမ်ပြည်သူ ၁၅၈၁၀၀၀သေဆုံးပြီး မြောက်ဗီယက်နမ်ပြည်သူ ၂၀၀၀၀၀၀ သေဆုံးခဲ့ရသည်။ ၁၉၇၆ခုနှစ်၌တောင်နှင့်မြောက်ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းခဲ့သည်။ (အင်တာနက်)

ဗီယက်နမ်စစ်ပွဲကာလအတွင်းမြင်ကွင်းတစ်နေရာ။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့

ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာ့ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန်ရည်ရွယ်ပြီး ၁၉၄၈ခုနှစ် ဧပြီ ၇ရက်၌ စတင်ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။

သတ်မှတ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တည်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စတင်ထူထောင်သည့်နေ့ဖြစ်သော ဧပြီ ၇ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ စတင်ဖွဲ့စည်းသည့်အချိန်က အဖွဲ့ဝင် ၂၆နိုင်ငံ ပါဝင်သည်။ **(အင်တာနက်)**

ကမ္ဘာ့ အဆိုးရွားဆုံး တောမီး လောင်ကျွမ်းမှု

ကနေဒါနိုင်ငံ နယူးဘရွန်းဝစ်ပြည်နယ်၌ ၁၈၂၅ခုနှစ်က လောင်ကျွမ်းခဲ့သော တောမီးဖြစ်သည်။ သစ်တောဧရိယာ စတုရန်းကီလိုမီတာ ၁၂၁၅၀ မီးလောင်ကျွမ်းခဲ့ရပြီး ဒေသခံ ၁၆၀သေဆုံးခဲ့သည်။ ကမ္ဘာပေါ်၌ အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်သည်။ (အင်တာနက်)

➤ မောင်မောင်မြင့်ဆွေစုစည်းရေးသားသည်

အမျိုးသမီး အာကာသ ယာဉ်မှူး

ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူး ဗာလင်တီနာ ဗီလာဒီမီရော့ဗ်နာတီရက်ကိုဗာ။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူး

ယခင်ဆိုဗီယက်ပြည်ထောင်စုမှ ဗာလင်တီနာဗီလာဒီမီရော့ဗ်နာတီရက်ကိုဗာအမည်ရှိ အမျိုးသမီးသည် စစ်အင်ဂျင်နီယာဗိုလ်မှူးကြီးဖြစ်ပြီး ဗော့စတော့ခ်-၅ အာကာသယာဉ်ဖြင့် ၁၉၆၃ခုနှစ် ဇွန် ၁၆ရက်မှစတင်ကာ ကမ္ဘာ့ဂြိုဟ်ကိုပတ်ပြီး မောင်းနှင်ပျံသန်းခဲ့သည်။

အောင်မြင်

၁၉၆၃ခုနှစ် ဇွန် ၁၉ရက်၌ ကမ္ဘာမြေပြင်သို့ အောင်မြင်စွာ ပြန်ဆင်းနိုင်ခဲ့သည်။ ဗော့စတော့ခ်-၅ဖြင့် ကမ္ဘာ့ဂြိုဟ်ကို (၄၈)ကြိမ်ပတ်နိုင်ခဲ့ပြီး စုစုပေါင်း ကြာမြင့်ချိန်မှာ ၇၀ဒသမ၈နာရီဖြစ်သည်။ **(အင်တာနက်)**

ရွှေ၏ သမိုင်းကြောင်း

ရွှေကိုပထမဆုံးအသိအမှတ်ပြုပြီး စတင်တူးဖော်ခဲ့သည်မှာ အရှေ့အလယ်ပိုင်းဒေသဖြစ်သည်။ ရှေးအကျဆုံး ရွှေထည်ပစ္စည်းများကို ရှေးခေတ်အီဂျစ်နိုင်ငံ ဇာဘုရင်မ၏ အုတ်ဂူအတွင်း တွေ့ရှိရခြင်းဖြစ်သည်။ ရွှေကိုစတင်တူးဖော်ခဲ့သည်မှာ ခရစ်မပေါ်မီ ဒုတိယ ထောင်စုနှစ်ကဖြစ်ပြီး အီဂျစ်နိုင်ငံသားများက ရွှေထည် လက်ဝတ်ရတနာပစ္စည်း ပြုလုပ်ခဲ့ကြသည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်ကမ်းရိုးတန်း မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း သတိပေး

တရုတ်နိုင်ငံ ဟေနန်ပြည်နယ် ကမ်းရိုးတန်းဒေသသို့ ဦးတည်နေသော မုန်တိုင်းသည် စက်တင်ဘာ ၂၉ရက်၌ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း တရုတ်မိုးလေဝသ သတင်းဌာနက စက်တင်ဘာ ၂၈ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

(၂၆)ကြိမ်မြောက်နိုင်ငံတကာလူဦးရေညီလာခံ မော်ရိုကိုနိုင်ငံ မာရာကက်မြို့၌ စတင်ကျင်းပ

မော်ရိုကိုနိုင်ငံတောင်ပိုင်း မာရာကက်မြို့တွင် (၂၆)ကြိမ်မြောက်နိုင်ငံတကာလူဦးရေညီလာခံကို စက်တင်ဘာ ၂၈ရက်၌ စတင်ကျင်းပသည်။ ယင်းညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(အောက်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျို့မြို့၌ ကမ္ဘာလှည့်ခရီးသွား ၁၁ ဦးပျောက်ဆုံးနေ

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် ဖူကျို့မြို့တွင် စက်တင်ဘာ ၂၈ရက်က ကမ္ဘာလှည့်ခရီးသွား ၁၁ ဦး ပျောက်ဆုံးသွားကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၁၀၀နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀တို့ လိုက်လံရှာဖွေလျက်ရှိကြောင်း တရုတ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် စက်တင်ဘာ ၂၈ရက်က ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒါကာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘောဒီးယား၌ A(H1N1) ဖြင့် အမျိုးသမီးတစ်ဦး ပထမဆုံးသေဆုံး

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် စက်တင်ဘာ ၂၈ရက်၌ A(H1N1) ရောဂါဖြင့် အမျိုးသမီးတစ်ဦး ပထမဆုံးသေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

မနီလာမြို့ဝန်းကျင်ရေလွှမ်းမိုးမှု သေဆုံးသူ ၁၄၀အထိ ရှိလာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီးဝန်းကျင်ဒေသတွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ စက်တင်ဘာ ၂၈ရက်အထိ သေဆုံးသူ ၁၄၀ရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရုရှားအာကာသယာဉ် လွှတ်တင်မည်

ရုရှားနိုင်ငံသည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါမည့် အာကာသယာဉ်ကို စက်တင်ဘာ ၃၀ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသယာဉ်စခန်းသို့ အာကာသယာဉ်အား သယ်ဆောင်သွားမည့်ဒုံးပျံကို အပြီးသတ် တပ်ဆင်မှုပြုလုပ်ပြီးဖြစ်ကြောင်း စက်တင်ဘာ ၂၈ရက်၌ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

အမေရိကန်ဒေါ်လာငွေကြေး တန်ဖိုးကျဆင်း

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ စက်တင်ဘာ ၂၈ရက် ဈေးကွက်ပိတ်ချိန်တွင် ဂျပန်ယန်းငွေ ၈၉ယန်းလျှင် အမေရိကန်တစ်ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ စက်တင်ဘာ၂၈ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၆ဒသမ၈၀ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

ထာဝရငြိမ်းချမ်းနေမည့် စိန်လုံတောင်တန်း လွယ်ဂျယ်လမ်း

သတင်းခရီးသည် - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

စိန်လုံကျေးရွာတွင် မြင်တွေ့ခဲ့ရသည့် ဒေါ်ဒွဲရော်၏ မိသားစုဝင်ကလေးများ ပြုံးပြုံးရွှင်ရွှင်။
(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၅

တပ်မတော်အစိုးရလက်ထက် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့မှုကြောင့် နယ်စပ်ဒေသများ အေးချမ်းသာယာလာပြီး မြို့များသာမက ကျေးရွာများပင် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။

ဤသို့ ငြိမ်းချမ်းသာယာလာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ တိုးတက်ကောင်းမွန်အောင် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။

ဆက်သွယ်ရေး

ယခုအခါ နယ်စပ်မျဉ်းတစ်လျှောက် မြို့ရွာများမှ ပြည်သူများအားလုံး ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း အသီးအပွင့်အရသာများကို ခံစားနေကြရပေပြီ။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်ကောင်းမွန်လာသည်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက ကချင်ပြည်နယ်တစ်ခွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများရေးသားရန် ရောက်ရှိခဲ့ရာ တစ်ချိန်က ငြိမ်းချမ်းမှုများ ဆိတ်သုဉ်းရာမှ ယခုအခါ သာယာရှုမောဖွယ်ရာ လှပလွန်းသည့် စိန်လုံတောင်တန်းကြီးဆီသို့လည်း ခရီးသွားရောက်ခွင့်ကြုံခဲ့သည်။

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် တရုတ်ပြည်နှင့် နယ်စပ် ကုန်သွယ်လျက်ရှိသော လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမြို့သို့အသွား စိန်လုံတောင်တန်းကြီးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

သတင်းအဖွဲ့သည် ဗန်းမော်မြို့မှ လေးဘီးယက် ဖိုးဝိုးမော်တော်ယာဉ်နှင့် ထွက်ခွာခဲ့ကြသည်။ ယင်းမော်တော်ယာဉ်မှာ ဗန်းမော်နှင့် လွယ်ဂျယ်ပြေးဆွဲနေသော ခရီးသည်ယာဉ်ဖြစ်၏။ ထိုဒေသတွင် ပြေးဆွဲနေသော ခရီးသည်ယာဉ်များမှာ ဖိုးဝိုးယာဉ်များသာ အများဆုံးဖြစ်သည်။ အလွန်မြင့်မားသော စိန်လုံတောင်တန်းကြီးကို လေးဘီးယက် ဖိုးဝိုးယာဉ်များသာ အလွယ်တကူ ဖြတ်ကျော်သွားနိုင်သောကြောင့် ဤယာဉ်အမျိုးအစားများကို အသုံးပြုကြခြင်း ဖြစ်သည်။

အချိန်ကား နံနက် ၇နာရီထိုးလေပြီ။ ဗန်းမော် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကားဝင်းအတွင်း၌ မြစ်ကြီးနားသို့လည်းကောင်း၊ မန္တလေးသို့လည်းကောင်း၊ နမ့်ခမ်းသို့လည်းကောင်း ဒေသအသီးသီးသို့ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်များကို တွေ့ရသည်။ သတင်းအဖွဲ့သည် ကားခေါင်းခန်းအတွင်းမှ လိုက်ပါခွင့်ရကြသည်။ နံနက် ၇နာရီခွဲခန့်တွင် ဤဗန်းမော် ကားဝင်းအတွင်းမှ စတင်ထွက်ခွာလာခဲ့သည်။ မကြာမီ မိုးမောက်သို့ ရောက်ရှိသည်။ မိုးမောက်နှင့် ဗန်းမော် ကိုးမိုင်ခန့်ဝေးသည်။

စပါးကျီ

မိုးမောက်မြို့နယ်သည် မြေပြန့်လွင်ပြင်ကျယ်ပြန့်စွာ တည်ရှိနေသော မြို့နယ်ဖြစ်သည်။ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရမည်ဆိုသော ရည်မှန်းချက်ဖြင့် တစ်မိုးနှစ်သီးစိုက်ပျိုးထားသည့် စပါးခင်းများကိုလည်း ကားလမ်းတစ်လျှောက် တွေ့ခဲ့ရသေးသည်။ မကြာမီ မိုးမောက်မြို့မှ

“စိန်လုံတောင်တန်းကြီး ထာဝရငြိမ်းချမ်းနေပါစေလို့ ဆုတောင်းခဲ့ပါတယ်”

ဒေါ်ဒွဲရော်
စိန်လုံကျေးရွာသူ။

အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ လမ်းမှာ ကျောက်စီလမ်းဖြစ်သော်လည်း ကတ္တရာလမ်းကဲ့သို့ ကောင်းမွန်ပေရာ ကားဆရာက စက်ရှိန်မြှင့်မောင်းလေသည်။ များမကြာမီ မှိုင်းညို့အုံ့ဆိုင်းနေသော စိန်လုံတောင်တန်း အတက်ခရီး စတင်ခဲ့သည်။

လမ်းသည် တောက်လျှောက် အတက်ချည်းမျှသာဖြစ်သည်။ မော်တော်ယာဉ်သည် တအိအိတည့်သည့် တက်နေသည်။ ရံဖန်ရံခါ ကျော်တက်သွားသော ဆိုင်ကယ်များ၊ တောင်မှဆင်းလာသော ဆိုင်ကယ်များ၊ မော်တော်ယာဉ်များကို တွေ့ရသည်။ ကားလမ်းမှာ တောင်ကမ်းပါးယံကိုလှီးပြီး ဖောက်လုပ်ထားခြင်းဖြစ်သည်။ အကွေ့အကောက်များသည်။ သို့သော်လည်း လမ်းကောင်းသည်။ အလွန်မြင့်သော တောင်တန်းကြီးဖြစ်၍ နားလိုက်၊ မောင်းလိုက်ဖြင့် တက်ခဲ့ရသည်။

စိမ်းလန်းသာယာ

တောင်ကုန်း၊ တောင်ကမ်းပါးယံများတွင် အမြင့်ပေရာချီသော အပင်ကြီးများ တစ်ပင်နှင့်တစ်ပင် အမြင့်ပြိုင်တက်နေကြသည်။ အလွန်မြင့်သော ဝါးပင်၊ ဝါးတောများ၊ သဘာဝဒေသပေါက်ပင်များဖြင့် စိမ်းလန်းသာယာနေသည်။ အချို့သော တောင်ကမ်းပါးယံများတွင် တိမ်တိုက်များ ရစ်သိုင်းဖွဲ့နေသည်။ အလွန်တရာ နက်ရှိုင်းသော ချောက်ကြီးများကိုလည်း ကြောက်မက်ဖွယ်ရာ တွေ့ရသည်။ များမကြာမီ တောင်ပေါ်တွင် ကျေးရွာစုအချို့ကို တွေ့ရသည်။

စိန်လုံရွာ

တောင်ထိပ်တစ်နေရာတွင် စိန်လုံကျေးရွာဟူသော ဆိုင်းဘုတ်ကို အုတ်ကမ္ပည်းတင်ထားသည်။ အိမ်ခြေမှာ မများလှ။ ၂၆အိမ်မျှသာရှိသည်။ လူဦးရေ ၁၅၀နီးပါး နေထိုင်သည်။ ဤစိန်လုံတောင်ထိပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၆၆၀ တွင်ရှိသည်။ အလွန်မြင့်မားသော တောင်ထိပ်ဖြစ်၍ တိမ်ခိုး၊ တိမ်တိုက်များ လွှမ်းခြုံနေပြီး ဆီးနှင်းမိုးများ တဖွဲဖွဲ အဆက်မပြတ် ရွာသွန်းနေသည်။ ဤတောင်ထိပ်သည် မိုးမောက်မြို့မှ ၂၃မိုင်ဝေးသည်။

ဒေသထွက်ကုန်

ဤစိန်လုံကျေးရွာလေးသည် တောင်ထိပ် ကားလမ်းဘေး ကျေးရွာဖြစ်သည်။ ကားလမ်းဘေးဝဲယာတွင် ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင် လေးငါးဆိုင် တွေ့ရသည်။ ပျားရည်၊ မှိုခြောက်၊ ပန်းခြောက်၊ ချဉ်စော်ကားသီးယို၊ တေသီးခြောက်၊ ကျောက်ဂျင်း(ချင်း)၊ ချဉ်စော်ကားသီးဖျော်ရည်၊ တောင်ဆိတ်လျှာ၊ တောင်ဆိတ်ချို၊ တောင်ဆိတ်ဆီအမျိုးမျိုး ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

စိန်လုံကျေးရွာနှင့်တစ်ဝိုက် အေးချမ်းသာယာလာမှုနှင့်စပ်လျဉ်းပြီး ဒေသခံတစ်ဦးလည်းဖြစ်၊ ဈေးဆိုင်ပိုင်ရှင်လည်းဖြစ်သည့် ကချင်တိုင်းရင်းသူ ဒေါ်ဒွဲရော်အား စေ့ငုကြည့်မိသည်။

“ကျွန်မတို့ ဒီဒေသတွေ အေးချမ်းလာတာ ၁၉၉၄ခုနှစ်နောက်ပိုင်းမှပါ။ ဒီအရင်ကဆိုရင် တဒိန်းဒိန်း၊ တဂျိမ်းဂျိမ်းနဲ့ ပစ်ကြ၊ ခတ်ကြ၊ ပြေးကြ၊ လွှားကြပေါ့။ တော်တော့်ကို စိတ်မချမ်းမြေ့စရာပါပဲ။ ညမှောင်တာနဲ့ အိမ်ထဲကအိမ်အပြင် မထွက်ရဲကြဘူး။ ခုတော့ အေးချမ်းသွားပါပြီ။ နောင်လဲ ဒီလိုပဲ အေးချမ်းနေပါစေလို့ ဆုတောင်းပါတယ်”ဟု ဒေါ်ဒွဲရော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖော်ညွှန်းပြသ

ဒေါ်ဒွဲရော်၏ဆိုင်ထဲတွင် ကချင်မိန်းကလေးငယ် သုံးဦးအား တွေ့ရသည်။ အကြီးဆုံးက တက္ကသိုလ်ဝင်တန်း၊ အလတ်က ခုနစ်တန်းနှင့် အငယ်ဆုံးက သုံးတန်းတက်နေကြောင်း သိရသည်။ သူတို့ကိုယ်စီတွင် အပြုံးကိုယ်စီရှိနေသလို အနာဂတ်ကိုယ်စီလည်း ရှိနေကြပြီဖြစ်သည်။ ကချင်ပြည်နယ် နယ်စပ်ဒေသများ အေးချမ်းသာယာလာသည့် သဘောကို ဖော်ညွှန်းပြသနေခြင်းပင် ဖြစ်သည်။

လွယ်ဂျယ်သို့ ဆက်လက်ထွက်ခွာမည့် ခရီးသည်များ ကားပေါ်တွင် အသင့်နေရာယူထားကြပြီ။ ကျွန်တော်တို့သတင်းအဖွဲ့လည်း ဒေါ်ဒွဲရော်တို့မိသားစုအား သိလိုသည်များ မေးမြန်းပြီး ဆက်လက်ထွက်ခွာခဲ့ကြသည်။ အပြင်ဘက်တွင်မူ ဆီးနှင်းမိုးများ တဖွဲဖွဲရွာနေဆဲ…၊ တောင်ကျစမ်းရေများ စီးဆင်းနေဆဲ…။ လောကဓာတ် တစ်ခွင်လုံး ငြိမ်းချမ်းနေဆဲ…။

နိုင်ငံတော်အစိုးရက ကချင်ပြည်နယ် နယ်စပ်ဒေသများအပါအဝင် နယ်စပ်ဒေသများ၌ အမျိုးသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ စိန်လုံတောင်တန်း လွယ်ဂျယ်လမ်းသည်လည်း ဆီးနှင်းမိုးများနှင့်အတူ ထာဝရ ငြိမ်းချမ်းအေးချမ်းသာယာနေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

ဆီးနှင်းမှုန်များကြား တည်ငြိမ်အေးချမ်းနေသော ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်လမ်းပေါ်မှ စိန်လုံကျေးရွာလေး။
(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကြီးမားသောကျေးဇူးဆပ်နည်း တရားတော်**(ပြည်တွင်း ပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၂၀)
- ၈:၃၀ Sports World (Dog Challenge)
- ၈:၅၅ Activities in the City (AVSS မှပြုလုပ်သောပညာရေး မိတ်ဆက်ပွဲ)
- ၉:၀၅ ခရီးတစ်ထောက်နားခိုရာ
- ၉:၁၅ **ရေပြင်ပေါ်အရုပ်ရေး ပုံရိပ်ထင်စေတဲ့ ရွှေအင်းသာ**
- ၉:၃၅ Sunday Talk
- ၁၀:၂၅ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
- ၁၀:၅၀ မော်လမြိုင်မြို့၏သာသနာ့ ကျက်သရေဆောင် ဆင်ဖြူစာသင်တိုက်ကြီး
- ၁၁:၁၅ Cartoon Show Time (Surf's Up)
- ၁၂:၀၀ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၁၂:၁၅ Orchard Families(အပိုင်း-၁)
- ၁၂:၄၅ အက
- ၁:၀၀ **ကြီးမားသောကျေးဇူးဆပ်နည်း တရားတော်**(ပြည်တွင်း ပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Telephone Fashion)
- ၃:၄၅ JICA Myanmar ၏ မေတ္တာ ကွန်ရက်များဆီသို့… (အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း) (ဆင်လူးအိုင်ကျေးရွာ)
- ၄:၀၅ ခရီးတစ်ထောက်နားခိုရာ
- ၄:၁၅ Activities in the City (AVSS မှပြုလုပ်သောပညာရေး မိတ်ဆက်ပွဲ)
- ၄:၂၅ **ရေပြင်ပေါ်အရုပ်ရေး ပုံရိပ်ထင်စေတဲ့ ရွှေအင်းသာ**
- ၄:၅၀ World of Knowledge (Guardians of Nature:Poland)
- ၅:၄၅ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style (သရုပ်ဆောင်ခရစ္စတီးနားနှင့် တွေ့ဆုံခြင်း)
- ၆:၄၅ Smart Dictionary အကြောင်းသိကောင်းစရာ
- ၇:၀၀ Fashion Music Festival (Telephone Fashion)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (Surf's Up)
- ၉:၁၀ Celebrity Style (သရုပ်ဆောင်ခရစ္စတီးနားနှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၂၀)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ် AFC Champions League (Kawasaki Frontale Vs Nagoya Gramous Eight)
- ၁၁:၄၀ ရိုးရာအစဉ်အလာ… ယဉ်ကျေးမှုအဖြာဖြာ… ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
- ၁၂:၀၀ MRTV-4 စာအုပ်စင်ကဏ္ဍ [ကျမ်းပြုစာရေးဆရာသမိုင်း သုတေသီဦးသန်းထွန်း(ရွှေဘို)နှင့် တွေ့ဆုံမေးမြန်းခြင်း]
- ၁၂:၁၅ **ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၂:၂၅ **တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ** (မြက်စားငါးကြင်းမွေးမြူ သားဖောက်ခြင်းလုပ်ငန်း)
- ၁၂:၄၅ Smart Dictionary အကြောင်းသိကောင်းစရာ
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၈၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အကယ်ဒမီထက်ထက်မိုးဦး သားဦးလေး အရှင်မွေးဖွားခဲ့သော်လည်း သားငယ်မှာ နှလုံးရောဂါကြောင့် ကွယ်လွန်သွားရရှာ၊ ဒူဘိုင်းနှင့်အာဘူဒါဘီဟိုတယ်များတွင် အလုပ်လုပ်ရန် မြန်မာသို့ကမ်းလှမ်း၊ ရန်ကုန်မြို့သို့ ကိုရီးယားရုပ်ရှင်မင်းသမီး လီယောင်အန်းလာရောက်မည်၊ အရည်အသွေးမြင့် ကွန်ကရစ်လမ်းများအဖြစ် ရန်ကုန် ၃၃မြို့နယ်၌ ပြုပြင်သွားမည်၊ ဂဝံဖြင့်ပြုလုပ်ထားသော စဥ့်ဖိုကို မြန်မာ၌သာတွေ့နိုင်၊ လူနှင့် ၉၅ရာခိုင်နှုန်းတူသည့် 3D ဇာတ်ကောင်များကို ပြည်တွင်းပညာရှင်များက ဖန်တီးနိုင်ပြီ၊ ဝိတိုရိယတောင်ထိပ်သို့ လူ ၂၀ စက်ဘီးများဖြင့် တက်ကြမည်၊ အွန်လိုင်းတွင် ထီတိုက်နိုင်တော့မည်၊ တစ်လလျှင် ဒေါ်လာ ၄၀၀၀ခန့် ရနိုင်သည့်အလုပ်အတွက် စာမေးပွဲဖြေဆိုရန် ဝန်ဆောင်မှုပေးမည်၊ ရတနာပုံအသင်းနှင့် ပွဲကြည့်ရန် ရန်ကုန်ပရိသတ် ၂၀၀၀ကို စရိတ်ငြိမ်းခေါ်မည်၊ မြေလျှင်ကို ခန့်မှန်းနိုင်သည့်နည်းလမ်းများ၊ တစ်ပတ်အတွင်း အိမ်ခြံမြေဝယ်သူဈေးကွက်မှ ရောင်းသူဈေးကွက်ဖြစ်လာ၊ ဒယ်လ်တာယူနိုက်တက်အသင်းကို Max Cement ထံမှ ပရီမီယာကော်ဖီကုမ္ပဏီ လွှဲပြောင်းဝယ်ယူ၊ ဈေးကွက်တွင်းရှိ အချိုရည်များအားလုံးကို အန္တရာယ်ရှိမရှိ စစ်ဆေးသွားမည်၊ မွေးနေ့မှာ ကျပ်သိန်း ၂၀၀တန် စိန်လက်စွပ်ရခဲ့သည့် ဧရာဝတီလူမင်း၏မိခင် ခင်စံပယ်ဦးတွင် သဘာဝနည်းဖြင့် ဒုတိယကိုယ်ဝန်ဆောင်ထား၊ ကျိုင်းတုံ ကားလေလံပွဲကို ၁၀ရက်ကြာကျင်းပမည်၊ ဆစ်ဒနီမြို့၏ကောင်းကင် လိမ္မော်ရောင်ပြောင်းသွား၊ ဖန်ပြွန်သန္ဓေသားကိုယ်ဝန်ဆောင်ရာတွင် ဆေးခန်းကမှားပေးမိ၍ မွေးပြီးပြီးချင်း မိဘအစစ်များထံ လွှဲပြောင်းပေးရတော့မည်၊ ၂၀၁၁ခုနှစ်တွင် လေသဘော်များ ပျံတက်လာကြတော့မည်၊ ခြောက်ပတ်ခန့်ခြားသော သန္ဓေသားနှစ်ဦးကို ကိုယ်ဝန်ဆောင်ထားရသူ၊ ကမ္ဘာ့ပထမဆုံး AIDS ရောဂါကာကွယ်ဆေး စမ်းသပ်တွေ့ရှိ..” စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

တိုင်းမှူးဒိုင်း လက်ရွေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၈

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ရွေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၂နာရီက ပြင်ဦးလွင်မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တိုင်းမှူးသည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် မြိုင်ဟေဝန်ပန်းခြံ၌ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး သစ်ပင်များကိုစိုက်ပျိုးပေးခဲ့သည်။ **(သတင်းစဉ်)**



ဩဂုတ် ၂၉ရက်က ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က ကျေးရွာအုပ်စု၃၅အုပ်စုရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ငွေကျပ် ၃၅၀၀၀၀တန်ဖိုးရှိ သုတရသစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

ဒေါင်းနေချောင်းတံတား တည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၂၅ရက်က ရန်ကုန်-ပြည်-မကွေး-ရေနံချောင်း-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်း မိုင်တိုင်အမှတ် (၃၄၄/၅)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသည့် ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

သွားလာနိုင်

မိုးတွင်းကာလတွင် ဒေါင်းနေချောင်းကို မော်တော်ယာဉ်များဖြတ်သန်းရာ၌ ရေနည်းချိန်အထိ စောင့်ဆိုင်းသွားလာနေရသည့်အတွက် အချိန်ကြန့်ကြာခဲ့ရပြီး ဒေါင်းနေချောင်းတံတား တည်ဆောက်ပြီးစီးသွားပါက အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက် ကျင့်သုံးရေး တောင်ကြီးမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၂၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံး တောင်ကြီးမြို့မှ ဦးစီးအရာရှိ ဒေါ်မေလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့်စာကြည့်တိုက်မှူး ဒေါ်နီလာလွင်တို့ ပါဝင်သောအဖွဲ့သည် ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်အောင်မြင်ရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ သတ်မှတ်စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေး၊ စာဌားစနစ် ကျင့်သုံးဆောင်ရွက်ရေးတို့အတွက် ဘန့်ကွေးကျေးရွာအုပ်စု နန်းဟူးကျေးရွာရှိ အလင်းတန်း စာကြည့်တိုက်တွင် စက်တင်ဘာ ၁၉ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေလွင်နှင့် ဘန့်ကွေးကျေးရွာ အုပ်စု ဥက္ကဋ္ဌ ဦးအုန်းကျော်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာကြည့်တိုက်များရေရှည်ရှင်သန်ရေး၊ စာဌားစနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ သတ်မှတ်စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေးတို့ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက် ကော်မတီဝင် ဦးရဲသွင်က စာကြည့်တိုက်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

လက်ခံ

အဆိုပါ စာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်က ဂျာနယ်နှင့်သတင်းစာများကို လှူဒါန်းရာ ဘန့်ကွေးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအုန်းကျော်ကလည်းကောင်း၊ စာအုပ်စာစောင်နှင့်မဂ္ဂဇင်းများကို မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးရဲသွင်ကလည်းကောင်း လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော စလင်း-လင်းကတော ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တီးတိန်မြို့ ထင်းရှူးမြိုင်လမ်း၌ သန့်ရှင်းရေးဆောင်ရွက်

တီးတိန် စက်တင်ဘာ ၂၈

တီးတိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများမှ မြို့မရပ်ကွက် ထင်းရှူးမြိုင်အတက်လမ်းတစ်လျှောက် လမ်းဘေးချုံနွယ်များရှင်းလင်းခြင်း၊ လမ်းလယ်ချိုင့်ခွက်များမြေဖို့ခြင်းနှင့် ရပ်ကွက်အလိုက် ပြည်သူများမှ လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်တို့ ကြီးကြပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ ဆက်)

တွန်းဇန်မြို့နယ်စည်ပင် ရေလှောင်ကန်ဆောင်ရွက်ပြီးစီး

တွန်းဇန် စက်တင်ဘာ ၂၈

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းမင်းဦးသည် တွန်းဇန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးထားသော ဂါလန် ၁၂၀၀ ဆံ့ရေလှောင်ကန်နှင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပြုပြင်မည့် နှစ်ဘီးတပ် လမ်းကြိတ်စက်နှင့် အခြားယာဉ်ဖြစ်သော တစ်ပါထော်လာဂျီနှင့် နောက်တွဲပါထော်လာဂျီများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျပ်ပြင်အောင်နီလာ(၁)ရပ်၊ ရွှက်ချတံတားရေနံချောင်း မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးပြည်စိုး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းဇော်ဇော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး မိုင်းတုံမြို့နယ်၌ ဟောပြော

မိုင်းတုံ စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် နယ်စပ်ဒေသ မုံးထော်၊ မုံးထ ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးကြည်နိုင်၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် စက်တင်ဘာ ၂၀ရက်က စမ်းသီတာ ၅မိုင်၊ ၆မိုင်၊ လွယ်ခမ်းလုံကျေးရွာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ပိုးလောက်လမ်းနှိမ်နင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဟောပြောခြင်းနှင့် ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၇ရက်က ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်စေရန် ရပ်ကွက်ကြီး(၅)အတွင်းရှိ ရေမြောင်းတူးဖော် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရေး ခါးသီးစွာတွေ့ကြုံခဲ့ရသည့် အတိတ်ကအခြေအနေများကို သင်ခန်းစာယူ

အနာဂတ်တွင် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် အသိတရားနှင့်ယှဉ်၍ သတိတရားဖြင့်ပေါင်းစပ် သုံးသပ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ရက် နံနက် ၉နာရီတွင် မုံရွာခရိုင် ဆားလင်းကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏မိဘများ၊ ဆားလင်းကြီးမြို့ပေါ်ရှိ ရပ်ကွက်(၁)၊ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၃)၊ ဆားလင်းကြီးမြို့နယ် ကျေးရွာအုပ်စုဝင်များဖြစ်သော ပေါင်းဝ၊ ရုံးပင်ရိုး၊ ညောင်ပင်ကြီး၊ မိုးကြိုးပြင်၊ ဆားခါး၊ ဆားထုံး၊ ဖလန်ကန်၊ ဖောင်းကတာ၊ ငါးခုန်၊ ဘုတ်စု၊ ကျွဲခိုတော၊ နှောကူးတို့၊ ထန်းဇင်၊ တောင်ပလူ၊ မတောင့်တ၊ ရေမိန်၊ တရား၊ တုံနှင့် လက်ပန်တောင်းစသည့် ကျေးရွာအုပ်စု၂၀တို့မှ ဒေသခံပြည်သူများ စုစုပေါင်း၂၅၀၀တို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ကျေးရွာခုနစ်ရွာတို့အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-3, MRTV-4 အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ် စလောင်းနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လက်တွဲဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် မိမိတို့ ဒေသအတွင်း စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုဆက်သွယ်ရေးကဏ္ဍများတွင် ပိုမိုတိုးတက်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသတွင်းစီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် မိမိတိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိန်းသိမ်းမြှင့်တင်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် နည်းပညာရပ်များ တိုးတက်နေသည့် ခေတ်ဖြစ်သည်နှင့်အညီ နည်းပညာဆိုင်ရာများတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန်နှင့် ပညာရေး အခွင့်အလမ်းများကို လူငယ်အားလုံး လက်လှမ်းမီစေရန် နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း ပညာရည်မြင့်မားပြီး မိမိဒေသ၊ မိမိနိုင်ငံကို အကျိုးပြုနိုင်သူများ ဖြစ်လာအောင် မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ခါးသီးစွာတွေ့ကြုံခဲ့ရသည့် အတိတ်က အခြေအနေများကို သင်ခန်းစာရယူလျက် အနာဂတ်တွင် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေမျိုး ပေါ်ပေါက်လာအောင် အသိတရားနှင့်ယှဉ်၍ သတိတရားဖြင့် ပေါင်းစပ် သုံးသပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များဖြစ်ကြသော ဦးခင်မောင်နှင့် ဦးသန်းမောင်တို့သည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် ထူးချွန်စွာအောင်မြင်အောင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆားလင်းကြီး မြို့နယ်အတွင်း ဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူများမှာ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ရှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၀ တို့ ဖြစ်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျေးရွာခုနစ်ရွာတို့အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-3, MRTV-4 အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ် စလောင်းနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင် သုဓမ္မ မဏိဇောတဓရ ဦးခင်မောင်က ပညာဒါနအတွက် ငွေကျပ် ၁၅သိန်းကို လည်းကောင်း၊ ပန်းတိုင်ဦးသန်းမောင်က ငွေကျပ် ၁၀သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လက်ခံကြသည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသားကျောင်းသူများကိုယ်စား သုံးဘာသာ ဂုဏ်ထူးရှင်မသဲစုခိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာသို့ သွားရောက်၍ ပညာပန်းတိုင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ပန်းတိုင် ဦးသန်းမောင်၊ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးတင်သန်းဝင်းနှင့် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်တို့က ပညာပန်းတိုင်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က 'ပညာပန်းတိုင်' စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြပြီး စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ဆားလင်းကြီးမြို့နယ်မှ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ဆားလင်းကြီး မြို့နယ် ကျားတက်ကျေးရွာ ပညာပန်းတိုင်စာကြည့်တိုက် အတွင်း စာပေဖတ်ရှုလေ့လာနေကြသူများအား ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝီခ်ဂျာနယ် ယခုအပတ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၈

'လှလှပပ လုံလုံခြုံခြုံနှင့် ပွင့်လင်းရဲတင်း အရှက်ကင်းခြင်းများ' သတင်းပါရှိသည့် မြန်မာနယူးစ်ဝီခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၉၆)ကို ယနေ့ဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံရှိ ကမ်းခြေအပန်းဖြေဟိုတယ်အားလုံး အောက်တိုဘာလတွင် ပြန်လည်ဖွင့်လှစ်မည်၊ ၂၀၁၀ တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြောင့် ကိုရီးယား အထည်အလိပ်လုပ်ငန်းများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ပို၍ စိတ်ဝင်စား၊ တင်သွင်းရန်ခွင့်ပြုချက်အရယူထားသော ပစ္စည်းများနှင့် ရောနှော၍ ကားအပိုပစ္စည်းများ တင်သွင်းလာသည်ကို တွေ့ရှိရ၍ အကောက်ခွန်အေဂျင်စီ လိုင်စင်ဖျက်သိမ်းခံရ၊ ကမ်းဝေးငါးဖမ်းရေယာဉ်များစက်တင်ဘာလတွင် လုပ်ငန်းစတင်ပြုလုပ်၊ အသားကင်များတွင် ဓာတုပစ္စည်းများပါဝင်မှု စစ်ဆေးနေပြီ၊ အနုပညာမူပိုင်ခွင့်များထဲက တေးသီချင်းမူပိုင်ခွင့်၊ မလေးရှားတွင် မြန်မာတစ်ဦး ပြန်ပေးဆွဲခံရ၊ ရန်ကုန်မြို့လယ်ရှိ ပုဂ္ဂလိက ဆေးဆိုင်များကို သက်ဆိုင်ရာမှ စစ်ဆေးလျက်ရှိ၊ ပါရာစီတမော အတုများကို အဓိက စစ်ဆေးခဲ့ခြင်းဖြစ်၊ Myanmar Trade Net တွင် ပို့ကုန်သွင်းကုန်လိုင်စင်များ ပြန်လည်လျှောက်ထားနိုင်၊ ရုပ်ရှင်နှင့် ဗီဒီယိုများတွင် တေးသီချင်းများ အသုံးပြုမည်ဆိုပါက မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) သို့လျှောက်ထားရမည်၊ ဇရာဝတီလူမင်းရဲ့(၁)နှစ်ပြည့်မွေးနေ့၊ အိန္ဒြာကျော်ဇင်နှင့်တွေ့ဆုံခြင်း၊ ရုပ်သံအင်တာဗျူးတစ်ခုတွင် အဗ္ဗဒူကာဒီးယားခန်းက နျူကလီးယားထုတ်လုပ်ခဲ့ပုံကို အသေးစိတ်ရှင်းပြခဲ့၊ အီရန်အပေါ် အမေရိကန်ရာဇသံပေးမှု ပိုမိုပြင်းထန်လာ၊ အမေရိကန်သမ္မတ ဗြိတိန်ဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့ ဝိုင်းဝန်းဟန့်တားကြသော်လည်း အာခံနေသော အီရန်သမ္မတအား စစ်ရေးအရ အရေးယူတော့မည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးပြောကြား စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝီခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**



မှတ်သားဖွယ်ရာ မိုးရေချိန်

၂၈-၉-၂၀၀၉ ရက်

နေပြည်တော်	၁ ဒသမ ၁၀	လက်မ
မင်းတပ်	၄ ဒသမ ၄၉	လက်မ
ရန်ကုန်	၄ ဒသမ ၂၉	လက်မ
ညောင်ဦး	၂ ဒသမ ၁၇	လက်မ
ရေး	၂ ဒသမ ၀၄	လက်မ
လှိုင်ကော်	၁ ဒသမ ၆၆	လက်မ
ကလေး	၁ ဒသမ ၆၅	လက်မ

အခွန်ဆိုင်ရာရှင်းလင်းပွဲ ဘုတ်ပြင်း၌ကျင်းပ

ဘုတ်ပြင်း စက်တင်ဘာ ၂၈

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ စားသောက်ဆိုင်ရာလုပ်ငန်းများမှ အခွန်အပြည့်အဝ ရရှိရေးအတွက် အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ်၂၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီက မြို့နယ်အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူးဦးကျင်သိန်းက စားသောက်ဆိုင်ရာလုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ဟောပြောခဲ့ရာ အခွန်ဝန်ထမ်းများ တက်ရောက်ကြသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၂၉ရက်ညနေအထိခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာအနှံ့အပြား၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

✳ ကျောဖုံးမှ

ထုတ်လုပ်မှုစက်ရုံ(မလွန်)သို့ သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ မကွေးတိုင်း မင်းလှမြို့နယ် မလွန်ကျေးရွာအနီး တည်ဆောက်ထားသော စက်ရုံဖြစ်သည့်အတွက် အေးချမ်းကာ ကျယ်ကျယ်ဝန်းဝန်းရှိသည်ကို တွေ့ရသည်။ ကြီးမားသော အလုပ်ရုံကြီးများကိုလည်း ထည်ထည်ဝါဝါတွေ့မြင်ရသည့်အပြင် လုပ်ငန်းခွင်၌ ဝန်ထမ်းများ တက်ကြွစွာ အလုပ်လုပ်ကိုင်နေကြသည်။

သုံးဘီး လမ်းကြိတ်စက်

ထို့နောက် သုံးဘီးလမ်းကြိတ်စက် ထုတ်လုပ်တပ်ဆင်သည့် အလုပ်ရုံသို့ သွားရောက်လေ့လာခဲ့သည်။ အဆောက်အအုံအတွင်း လမ်းကြိတ်စက်၏ ရှေ့ဘီးနှင့်နောက်ဘီးကြီးများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ သုံးဘီး လမ်းကြိတ်စက်များကို ၂၀၀၄ ခုနှစ် စက်တင်ဘာမှစတင်ကာ ကုန်စက်ရုံမှ အင်ဂျင်နီယာများနှင့် အတတ်ပညာရှင်များက ပူးပေါင်းထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ - ၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း သုံးဘီးလမ်းကြိတ်စက်အစီး ၃၀ထုတ်လုပ်ခဲ့ပြီး ၂၀၀၉ -၂၀၁၀ဘဏ္ဍာရေးနှစ်၌ အစီး ၁၅၀ထုတ်လုပ်ရန် လျာထားသည်။

ပါဝင်တပ်ဆင်ထား

သုံးဘီး လမ်းကြိတ်စက်တွင် အဓိက ပါဝင်သည့် အစိတ်အပိုင်းများမှာ ကိုယ်ထည်၊ မြင်းကောင်ရေအား ၈၀ရှိသည့်အင်ဂျင်၊ ဂီယာအုံ၊ ရှေ့ဘီး၌ တပ်ဆင်ထားသည့် ဆင်စွယ်ပုံအထိန်းတံနှစ်ခု၊ ရှေ့ဘီးနှင့်နောက်ဘီး၊ ဘယ်ညာကွေ့စနစ်နှင့် အထွေထွေအစိတ်အပိုင်းများ၊ အင်ဂျင်မှာ လယ်ယာသုံးပစ္စည်းစက်ရုံမှ ထုတ်လုပ်သော အင်ဂျင်ဖြစ်သည်။


သုံးဘီး လမ်းကြိတ်စက်အင်ဂျင်ကို စစ်ဆေးစဉ်။ (မြန်မာ့အလင်း)

စွမ်းအားပြည့်

“ကျွန်တော်တို့ စက်ရုံမှာတော့ အရည်အသွေးမြင့်ပြီး လက်တွေ့လုပ်ငန်းခွင်မှာ စွမ်းအားပြည့် အသုံးပြုနိုင်တဲ့စက်တွေ၊ စက်ပစ္စည်းအစိတ်အပိုင်းတွေ ထုတ်လုပ်နေပါတယ်”

ဦးသန်းထိုက် (စက်ရုံမှူး)
အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (မလွန်)

သုံးဘီးလမ်းကြိတ်စက်သည် အလေးချိန် ၁၀ တန် ရှိရာ ရှေ့ဘီး၊ နောက်ဘီးများအတွင်း ရေအပြည့်ဆိုလျှင် ၁၁တန် အလေးချိန်ရှိသည်။ ရှေ့ဘီးနှင့် နောက်ဘီးများတွင် ရေမဖြည့်ဘဲ သဲဖြည့်လိုက်ပါက ၁၂တန် အလေးချိန်ရှိမည်ဖြစ်သည်။ ကျောက်ကြီးများ ခင်းထားမှုကို ကျောက်ချောဖြစ်သည်အထိ ကြိတ်နိုင်သည်။ အနေးဆုံးနှုန်းဖြင့် မောင်းလျှင် တစ်နာရီ ၁ဒသမ ၇၅မိုင်နှုန်းဖြစ်ပြီး အမြန်ဆုံးမောင်းနှင်နိုင်မှု အကွာအဝေးမှာ တစ်နာရီ ခြောက်မိုင်ဖြစ်သည်။ ကျောက်ကြမ်းမှ ကျောက်ချောအဖြစ် ကြိတ်နိုင်မှုစွမ်းအားမှာ တစ်နာရီ စတုရန်းပေ ၅၅၄၄၀ဖြစ်ရာ အလုပ် တွင်ကျယ်သည်။

စွမ်းရည်

သုံးဘီးလမ်းကြိတ်စက်သည် အလေးချိန် ၁၀တန် ရှိရာရှေ့ဘီး၊ နောက်ဘီးများအတွင်း ရေအပြည့်ဆိုလျှင် ၁၁တန် အလေးချိန်ရှိသည်။ ရှေ့ဘီးနှင့် နောက်ဘီးများတွင် ရေမဖြည့်ဘဲ သဲဖြည့်လိုက်ပါက ၁၂တန် အလေးချိန်ရှိမည်ဖြစ်သည်။ ကျောက်ကြီးများခင်းထားမှုကို ကျောက်ချောဖြစ်သည်အထိ ကြိတ်နိုင်သည်။ အနေးဆုံးနှုန်းဖြင့် မောင်းလျှင် တစ်နာရီ ၁ဒသမ၇၅မိုင်နှုန်းဖြစ်ပြီး အမြန်ဆုံးမောင်းနှင်နိုင်မှု အကွာအဝေးမှာ တစ်နာရီ ခြောက်မိုင်ဖြစ်သည်။ ကျောက်ကြမ်းမှ ကျောက်ချောအဖြစ် ကြိတ်နိုင်မှုစွမ်းအားမှာ တစ်နာရီ စတုရန်းပေ ၅၅၄၄၀ဖြစ်ရာ အလုပ် တွင်ကျယ်သည်။ တစ်ဆက်တည်း မရပ်မနား ၁၆နာရီအထိ အသုံးပြု၍ရသဖြင့် အချိန်သတ်မှတ်ချက်အတိုင်း လုပ်ငန်းများပြီးစီးရန် အကျိုးပြုသည့် လမ်းကြိတ်စက်ဖြစ်သည်။

သုံးဘီး လမ်းကြိတ်စက်တွင် ရှေ့ဂီယာသုံးချက်နှင့် နောက်ဂီယာသုံးချက်ပါရှိ အသုံးပြုနိုင်သလို ဆီစားနှုန်းမှာလည်း ဒီဇယ် တစ်ဂါလန်လျှင် ၃ဒသမ ခုနစ်မိုင်ဖြစ်သဖြင့် သက်သာသည်။ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်ကာလအတွင်း သုံးဘီး လမ်းကြိတ်စက် အစီး၃၀ အမှာစာ ရရှိထားပြီးဖြစ်ရာ ဝယ်လိုအားကောင်းသည်ကို တွေ့ရသည်။ ပြည်ပမှလမ်းကြိတ်စက်များ ထက်ဈေးနှုန်း ထက်ဝက်နီးပါးသက်သာကာ လုပ်ငန်းစွမ်းရည်၌လည်း မြန်မာနိုင်ငံ လမ်းဖောက်လုပ်မှုများနှင့် အကိုက်ညီဆုံးဖြစ်နေသည်။

လမ်းကြိတ်စက်၏ ရှေ့ဘီးနှင့် နောက်ဘီးကြီးများ ပြုလုပ်နေကြစဉ်။ (မြန်မာ့အလင်း)

ဝန်ဆောင်မှု

သုံးဘီးလမ်းကြိတ်စက်များ ဝယ်ယူပါက တစ်နှစ်အတွင်း ပစ္စည်းနှင့် လက်ခ အခမဲ့ လိုက်လံပြုပြင်ပေးပြီး မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်းသိရသည်။ ဝယ်ယူလိုသူများ အနေဖြင့် အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်) ဖုန်း-၀၂-၆၇၅၉၈၊ ၀၂-၆၇၅၆၂နှင့် နေပြည်တော် ရုံးဖုန်း-၀၆၇-၄၀၅၀၅၅၊ ၄၀၅၀၅၆၊ ၄၀၅၃၂၃တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြပြီဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက်နှင့် သုံးစွဲသူများ၏ တောင်းဆိုချက်အရ တုန်ခါ လမ်းကြိတ်စက်များကိုလည်း အမှတ် (၂) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)က မကြာမီ ထုတ်လုပ်တော့မည် ဖြစ်သည်။ တုန်ခါလမ်းကြိတ်စက်များမှာ လမ်းများကို ပိုမိုသိပ်သည်းအောင် စွမ်းဆောင်မှုပေးနိုင်မည်ဖြစ်ပြီး လမ်းခင်းခြင်းလုပ်ငန်းကို ပိုမိုစွမ်းဆောင်နိုင်ကြောင်း သိရသည်။

ဈေးနှုန်းသက်သာပြီး လက်တွေ့လုပ်ငန်းစဉ်၌ စွမ်းဆောင်ရည်မြင့်မားကာ အသုံးပြုရလွယ်ကူသောကြောင့် အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ(မလွန်)မှ ထုတ်လုပ်သော သုံးဘီးလမ်းကြိတ်စက်များကို နိုင်ငံတစ်ဝန်းသုံးစွဲမှု များပြားလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (မလွန်) စက်ရုံမှူး ဦးသန်းထိုက်က “ကျွန်တော်တို့စက်ရုံမှာတော့ အရည်အသွေးမြင့်ပြီး လက်တွေ့လုပ်ငန်းခွင်မှာ စွမ်းအားပြည့် အသုံးပြုနိုင်တဲ့စက်တွေ၊ စက်ပစ္စည်းအစိတ်အပိုင်းတွေ ထုတ်လုပ်နေပါတယ်။ အထူးသဖြင့် သုံးဘီးလမ်းကြိတ်စက်၊ လေးတန် နောက်တွဲယာဉ်နဲ့ စပါးခြွေလှေ့စက်တွေကို စံချိန်စံညွှန်းမီ ထုတ်လုပ်ပေးနေပါတယ်။ ဒါကလည်း အမှတ်(၂) စက်မှုဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေဖြစ်တဲ့ အရည်အသွေး ကောင်းမွန်ရမည်၊ အရေအတွက်များများ ထုတ်လုပ်နိုင်ရမည်၊ စွမ်းဆောင်ရည်မြင့်မားရမည်ဆိုတဲ့အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်”ဟု သတင်းအဖွဲ့အား ရှင်းပြသည်။

လမ်းကြိတ်စက်ကိုယ်ထည်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ထူးခြားလာသည့် ဆေးပညာသတင်းဆန်းများ(၂)

ဒေါက်တာကံညွန့်

ယခင်သီတင်းတစ်ပတ်က ကမ္ဘောဒီးယားမှလာသော သတင်းတစ်ပုဒ်ကြောင့် အတော်စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ယင်းမှာ နဂိုက ငှက်ဖျားရောဂါအတွက် အသုံးပြုနေသည့် အာတီမီသာဆေးတစ်မျိုးမှာ ယခုအခါ ငှက်ဖျားပိုးတို့ ခံနိုင်အားတိုးကာ ယခင်က သုံးရက်နှင့် အဖျားကျခဲ့ရာမှ ယခုအခါ တစ်ပတ်လောက်ကြာအောင်ထိ ပေးနေရကြောင်း၊ ထို့ကြောင့် ယင်းဆေးကို မလေးရီးယား parasiteတို့က ယဉ်ပါးလာပြီဟု ထင်ရကြောင်း ပြောကြားခဲ့ကြလေသည်။ ယင်းသတင်းကြောင့် ကမ္ဘာ့အရပ်ရပ်မှ သန်းပေါင်းများစွာသော ငှက်ဖျားဝေဒနာရှင်များအတွက် စိတ်မသက်မသာဖြစ်ခဲ့ရာမှ ယခုကြားရသည့် သတင်းတစ်ပုဒ်ကြောင့် စိတ်သက်သာရာရခဲ့ပြန်ပါသည်။ အဆိုပါသတင်းမှာ ဗြိတိန်နိုင်ငံ Leeds တက္ကသိုလ်မှ သုတေသနပညာရှင်တချို့၏ ရှာဖွေတွေ့ရှိချက်ဖြစ်ပြီး ငှက်ဖျားပိုးကို အပြတ်ပြတ်အောင် သုတ်သင်နိုင်သော ဆေးတစ်ခုကို ရှာဖွေတွေ့ရှိကြောင်း၊ ငှက်ဖျားပိုးကြီးထွားရန်အတွက် မရှိမဖြစ် လိုအပ်သော (Dihydroorotate Dehydrogenase Enzyme) ကို တိုက်ဖျက်နိုင်သော ဆေးတစ်မျိုးကို တွေ့ရှိရကြောင်း၊ ယင်းဆေးသည် ထို(Enzyme) ကို ဖျက်ဆီးပစ်နိုင်ခြင်းဖြင့် ငှက်ဖျားပိုးကြီးထွားလာခြင်းမှ ဟန့်တားကာ တိုးပွားမလာနိုင်တော့ဘဲ သေဆုံးသွားသည်အထိ ထိရောက်နိုင်ကြောင်း၊ ယင်းဆေးသည် တခြားငှက်ဖျားဆေးများကို ယဉ်ပါးနေသည့် ငှက်ဖျားပိုးများကိုလည်း သေစေနိုင်ကြောင်း သိရလေသည်။ ဆေးပညာလောက၏ ဝမ်းသာစရာ သတင်းတစ်ရပ်ပင်။ ငှက်ဖျားရောဂါသည် ကမ္ဘာ့လူဦးရေ၏ ရာခိုင်နှုန်း ၄၀တွင် ဖြစ်ပွားနိုင်ခြေရှိပြီး ကမ္ဘာတစ်ဝန်းလူဦးရေ သန်းပေါင်း ၂၅၀ဝခန့် ခံစားနေရသော ရောဂါဖြစ်သည်။ နှစ်စဉ် ငှက်ဖျားရောဂါကြောင့် လူဦးရေတစ်သန်းခန့် သေဆုံးနေပြီး စက္ကန့်၃၀ပြည့်တိုင်း ကလေးတစ်ဦးသေဆုံးနေရသော ရောဂါဖြစ်သည်။

ခွဲစိတ်ကုသခြင်းကဏ္ဍတွင် တိုးတက်လာခြင်းမှာ အံ့မခန်းအောင် ဖြစ်နေပါသည်။ နှလုံးအစားထိုး၊ အသည်းအစားထိုး၊ ကျောက်ကပ်အစားထိုး၊ အဆုတ်အစားထိုး ကုသမှုများကို ကျယ်ပြန့်စွာ လုပ်နေကြပါပြီ။ ယင်းသို့ အစားထိုးကုသမှုတွင် ဂျပန်နိုင်ငံ အိုဆာကာဆေးရုံမှ ဆရာဝန်တစ်စုက ၎င်းတို့သည် နှလုံးနှင့်အဆုတ်ကို တစ်ပြိုင်နက် အစားထိုးကုသလိုက်နိုင်ပြီဟု ဆိုလာသည်။ Eisemenger Syndrome ခေါ် နှလုံးနှင့်အဆုတ် ပြင်းထန်စွာရောဂါရနေသော အသက် ၃၀အရွယ် လူငယ်တစ်ဦးကို ဂျပန်နိုင်ငံ ကိုဘဲ (Kobe) ဆေးရုံတွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားသူတစ်ဦးထံမှ ရရှိသော အဆုတ်နှင့်နှလုံးကို တစ်ပြိုင်နက် အစားထိုးကုသခဲ့ခြင်းဖြစ်သည်။ လူနာမှာ ခွဲစိတ်ပြီး ကောင်းမွန်စွာရှိကြောင်း သိရပါသည်။

ယခုတစ်ဖန် မျက်နှာတစ်ခုလုံး အစားထိုးကုသလိုက်ပြီဟု ကြေညာလိုက်သည့်အခါလည်း ပိုမိုအံ့ဩရပါသည်။ မျက်နှာအစားထိုးခွဲစိတ်ကုသသည်ဆိုသည်မှာ ကြားလိုက်ရသည်က လွယ်မည်ဟု ထင်ကြပါသည်။ သို့သော် ဆရာဝန်တစ်ဦးအနေဖြင့် တွေးကြည့်လျှင် အတော့်ကို ကြိုးစားလုပ်ယူရသော အလုပ်ဖြစ်ပါသည်။ မျက်နှာရှိ အရေပြား၊ ကြွက်သား၊ အရိုး၊ သွေးကြော၊ အာရုံကြောအားလုံးကို ပြန်ဆက်ပြီး လုပ်ယူရသည့် အလုပ်ဖြစ်ပါသည်။ မျက်နှာအစိတ်အပိုင်းကို အလှူရှင်လူသေဆီကယူပြီး အစားထိုးခံရမည့် လူထံ ပြန်ထည့်ချုပ်ရခြင်းပါ။ ဆရာဝန်ရှစ်ဦးက ၂၂ နာရီကြာ ခွဲစိတ်လိုက်ရကြောင်း အမေရိကန်နိုင်ငံ အိုဟိုင်းယိုပြည်နယ် Clevaland ဆေးရုံအစားထိုးပြုပြင် ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာမာရီယာ ဦးဆောင်သောအဖွဲ့က ကြော်ငြာထားပါသည်။ ခွဲစိတ်ခံလူနာအမျိုးသမီးမှာ မျက်နှာတစ်ခုလုံး ထိခိုက်ဒဏ်ရာကြောင့် မျက်စိတစ်ဖက်ပါပျက်သွားပြီး မျက်နှာတစ်ခုလုံး၏ရာခိုင်နှုန်း ၈၀ ခန့် ပျက်စီးသွားသည်ဟု ဆိုပါသည်။ ၎င်းမှာ အသက်ရှူခြင်း၊ စကားပြောခြင်း၊ အစာစားခြင်းကို မပြုလုပ်နိုင်ခဲ့ကြောင်း၊ ခွဲစိတ်ပြီးအခြေအနေ၌မူ အားလုံးပြန်လုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားပါသည်။ ယခုကဲ့သို့ မျက်နှာအစားထိုး ခွဲစိတ်မှုမှာ အမေရိကန်နိုင်ငံအတွက် ယခုအကြိမ်ဆိုလျှင် နှစ်ကြိမ်ရှိပြီဖြစ်၍ တစ်ကမ္ဘာလုံးအတွက်မူ ပဉ္စမအကြိမ်မြောက် ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံတွင် လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင်စ၍ နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံတွင် တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

ခွဲစိတ်ကုသမှုတွင် တိုးတက်လာခဲ့ကြောင်း ယင်းသတင်းများကို ဖတ်၍မှ မဆုံးခင် အံ့ဩစရာ နောက်သတင်းနှစ်ပုဒ် ထွက်လာပြန်ပါသည်။ ကနေဒါနိုင်ငံ Calgary ဆေးတက္ကသိုလ်မှ ခွဲစိတ်ပညာရှင်တစ်စုက ၎င်းတို့သည် စက်ရုပ်အသုံးပြု၍ ကွန်ပျူတာအခန်းထဲမှ အဝေးထိန်းခလုတ်ကိုကိုင်ကာ ဦးနှောက်ထဲတွင် အကျိတ်ဖြစ်နေသူတစ်ဦးကို MRI Scan ၏ အထောက်အကူဖြင့် အောင်မြင်စွာ ခွဲထုတ်နိုင်ခဲ့ပြီဆိုသော သတင်းဖြစ်ပါသည်။ မရှေးမနှောင်းပင် တရုတ်နိုင်ငံမှ ဆေးပညာရှင်တစ်စုကလည်း အဆုတ်ကင်ဆာဖြစ်နေသူတစ်ဦးကို စက်ရုပ်အသုံးပြု၍ အဝေးထိန်းခလုတ်နှင့် ခိုင်းစေခွဲစိတ်နိုင်ပြီဟု ထုတ်ပြန်လိုက်ပြန်ပါသည်။ သည်သတင်းများကြောင့် (Robot Surgery) ခွဲစိတ်ပညာတွင်ပါ အံ့မခန်းတိုးတက်လာပြီဖြစ်ရာ နောင်သောအခါ ဆရာဝန်များကိုယ်တိုင် လက်နှင့် ခွဲစိတ်စရာမလိုတော့ဘဲ ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် စက်ရုပ်များကိုသာ ခွဲစိတ်ခိုင်းနိုင်တော့မည်လောဟု တွေးတောစရာဖြစ်လာပါတော့သည်။

နောက်သတင်းတစ်ပုဒ်မှာ လူငယ်များအတွက် အရေးကြီးသော သတင်းဖြစ်ပါသည်။ ဆယ်ကျော်သက်ရွယ်လူငယ်များသည် အိပ်ရေးပျက်ပါက သွေးတိုးနှင့် နှလုံးရောဂါတို့ ဖြစ်လာနိုင်သည်ဆိုသော သတင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံ အိုဟိုင်းယိုတက္ကသိုလ်မှ လေ့လာသုတေသနပြုချက်အရ လူငယ်များသည် တစ်နေ့ကို အနည်းဆုံး ခုနစ်နာရီ အိပ်စက်ရန်လိုအပ်ကြောင်း၊ အိပ်စက်ချိန် ခြောက်နာရီထက် နည်းပါက သွေးတိုးရောဂါဖြစ်ရန် သုံးဆမှ လေးဆထိ ပိုရှိနိုင်ကြောင်း၊ ၎င်းလေ့လာချက်ကို အမေရိကန်နိုင်ငံ နှလုံးရောဂါဂျာနယ်တွင် ဖော်ပြထားပါသည်။ ၎င်းပြင် အမေရိကန်နိုင်ငံ Standford တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်စု၏ လေ့လာချက်မှာလည်း လူ့ခန္ဓာကိုယ်သည် ညအိပ်စက်ချိန်တွင် ကိုယ်ခံစွမ်းအားမြင့်အောင် ပိုမိုဆောင်ရွက်နိုင်သည်ဆိုသော သတင်းဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များ အိပ်စက်ခြင်းကို ပေါ့ပေါ့တန်တန် မနေကြဖို့ သတိပေးဖော်ပြလိုက်ရပါသည်။

နောက်ထပ် သတင်းတစ်ပုဒ်မှာ မြန်မာနိုင်ငံ၌ ဖောဖောသီသီရှိနေပြီး ယူနီဆက်မှ ကျေးလက်ကျန်းမာရေးဌာနများသို့ အခမဲ့ဝေငှနေသော ဆေးတစ်မျိုး၏ အရေးပါပုံလေ့လာတွေ့ရှိချက်ကို တင်ပြလိုပါသည်။ ၎င်းမှာ Folic Acid Tablet ဖြစ်ပါသည်။ ယူနီဆက်မှ Ferrous Sulphate with Folic Acid Tablet အနေဖြင့် ဖြန့်ချိပါသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများ ကိုယ်ဝန်ဆောင်နေစဉ်ဖြစ်စေ၊ ကိုယ်ဝန်မဆောင်မီ တစ်နှစ်အလိုခန့်ကဖြစ်စေ Folic Acid ကို မှန်မှန် သုံးဆောင်ပါက လမစေ့ဘဲမွေးဖွားခြင်း၊ သန္ဓေသားတွင် မွေးရာပါ ကိုယ်အင်္ဂါ ချို့ယွင်းချက်တို့ လုံးဝ ပျောက်ကင်းနိုင်သည်ဆိုသော သတင်းဖြစ်ပါသည်။ ထို့ပြင် ကလေးဦးနှောက်နှင့် ကျောရိုးရှင်သန်မှုကိုလည်း အထောက်အကူပြုသည်ဟု ဆိုပေသည်။ အမေရိကန်နိုင်ငံ Texas ဆေးတက္ကသိုလ်မှ ဆေးပညာရှင်တစ်စု၏ လူပေါင်း ၃၈၀၃၃ ဦးကို စမ်းသပ်လေ့လာပြီး ထုတ်ပြန်လိုက်သော သတင်းဖြစ်ပါသည်။

Folic Acid ကို ကိုယ်ဝန်မဆောင်ခင် တစ်နှစ်ခန့်ကြိုသောက်ထားသူများက လမစေ့ဘဲဖွားမြင်ခြင်း (Premature Delivery) ကို ရာခိုင်နှုန်း ၇၀ ကာကွယ်နိုင်ပြီး ကိုယ်ဝန်ဆောင်ပြီး ရက်သတ္တပတ် ၂၀ လောက်မှ သောက်သုံးသူများအတွက် ရာခိုင်နှုန်း ၅၀ ကာကွယ်နိုင်ကြောင်း တင်ပြထားပါသည်။ ထို့နောက် လေ့လာချက်တစ်ခုမှာလည်း ကိုယ်ဝန်ဆောင် အမျိုးသမီးတိုင်း Folic Acid ကို နေ့စဉ် 400 megm သောက်သုံးသင့်ကြောင်း၊ Folic Acid သည် ကလေးငယ်၏ Cell ဖွံ့ဖြိုးရှင်သန်မှုကို အားပေးကြောင်း၊ Folic Acid သောက်၍ မွေးဖွားလာသောကလေးတွင် ပန်းနာရင်ကျပ်ကဲ့သို့ အသက်ရှူလမ်းကြောင်း ရောဂါကင်းရှင်းပြီး Allergy ခေါ် တစ်ခုခုနှင့်မတည့်သည့်ရောဂါ ဖြစ်နိုင်ခြေ နည်းပါးကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီး ကိုယ်ဝန်ဆောင်လိုသူ အမျိုးသမီးတိုင်း ကျေးလက်ဆေးပေးခန်းများတွင် အခမဲ့ဝေငှနေသည့် Folic Acid ပါ Ferrous Sulphate ဆေးပြားများကို အခမဲ့တောင်းယူသောက်သုံးကြရန် အထူးတိုက်တွန်းအပ်ပါသည်။

အမေရိကန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်နှင့် ကနေဒါနိုင်ငံ Guelph တက္ကသိုလ်မှ ဆေးပညာရှင်တို့ကလည်း ကော်ဖီကို အနည်းဆုံး တစ်နေ့တစ်ကြိမ် မှန်မှန်သောက်ရန် တိုက်တွန်းထားပြန်ပါသည်။ ၎င်းတို့၏ ကျယ်ပြန့်စွာ လေ့လာသုတေသနပြုချက်အရ ကော်ဖီသည် ဆီးချို၊ အသည်းကင်ဆာ၊ အသည်းကြွပ်ရောဂါနှင့် လက်တုန်ခြေတုန်ဖြစ်သည့် Pankinson ရောဂါတို့မှ ကာကွယ်နိုင်ကြောင်း၊ ကော်ဖီတွင်ပါသော Chlorogenic Acid က အူသိမ်၊ အူမ၏ သကြားဓာတ်စုပ်ယူနိုင်မှုကို ဟန့်တားခြင်းဖြင့် ဆီးချိုရောဂါဖြစ်မှုကို ရာခိုင်နှုန်း ၅၀ အကာအကွယ်ပေးနိုင်ကြောင်း ၎င်းတို့၏ လေ့လာချက်တွင် တင်ပြထားလေသည်။ ယင်းလေ့လာချက်မှာ ကမ္ဘာတစ်ဝန်း နေရာပေါင်း ၂၀တွင် သုတေသနပြုပြီး ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

နောက်ကော်ဖီသောက်ရန် တိုက်တွန်းထားသည့် သတင်းတစ်ပုဒ်ကတော့ ကော်ဖီသည် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် အစာအိမ်အပေါ်ပိုင်း (Oesophageal Cancer) တို့ကို ကာကွယ်နိုင်ကြောင်း ဂျပန်သုတေသီတို့က တင်ပြထားကြပြန်ပါသည်။ ၎င်းတို့သည် ဂျပန်နိုင်ငံမှ အသက် ၄၀ မှ ၆၀ အရွယ် လူပေါင်း ၃၈၀၀၀ ကို ၁၃ နှစ်ကြာလေ့လာပြီး တင်ပြထားခြင်းဖြစ်ပါသည်။ ယင်းကို ဂျပန်နိုင်ငံ တိုယိုကိုတက္ကသိုလ် Dr.Toru ခေါင်းဆောင်သောအဖွဲ့က လေ့လာပြီး American Journal of Epidemiology တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

နောက်သတင်းတစ်ခုမှာ လူတိုင်းသိနေကြသည့် ဗီတာမင်ဒီဓာတ်အကြောင်း ဖြစ်ပါသည်။ ဗီတာမင်ဒီဆိုလျှင် အရိုး၊ သွားခိုင်မာဖို့၊ အရေပြားကောင်းဖို့လောက်သာ အသိများကြသည်။ ယခုလေ့လာချက်အရ ဗီတာမင်ဒီသည် လူငယ်၊ လူရွယ်၊ လူလတ်၊ သက်ကြီးအားလုံးတို့အတွက် မရှိမဖြစ်လိုအပ်ပြီး သွေးကြောနှင့် နှလုံးရောဂါတို့ကို အကာအကွယ်ပြုနိုင်ပြီး ဦးနှောက်စွမ်းအားကိုပါ တိုးတက်စေနိုင်သည်ဆိုသော သတင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံ Kansas City မှ ဒေါက်တာဂျွန်လီ ဦးဆောင်သော သုတေသီအဖွဲ့၏ လေ့လာချက်ကို အမေရိကန်နိုင်ငံထုတ် Journal of American Collage of Cardiology ဂျာနယ်တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။ နောက်သတင်းတစ်ပုဒ်တွင်လည်း ဗီတာမင်ဒီ၏ အရေးပါပုံကို ဗြိတိန်နိုင်ငံ သုတေသီတစ်စု၏ လေ့လာချက်ကို ဖော်ပြထားပါသည်။ ဗီတာမင်ဒီသည်အရွယ်ရောက်ပြီးသူ လူကြီးများ အထူးသဖြင့် အသက် ၆၀ ကျော်အရွယ်တွင် ဦးနှောက်၏ စွမ်းအားပိုကောင်းအောင် အထောက်အကူပြုကြောင်း တွေ့ရှိချက်ဖြစ်လေသည်။ ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ အသက် ၄၀ မှ ၇၉ နှစ်ရွယ်လူ ၃၀၀၀ကျော်အား လေ့လာပြီး ထွက်ပေါ်လာသည့်စာတမ်းကို အင်္ဂလန်နိုင်ငံထုတ် Journal of Neurology and Neurosugery တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် မြန်မာပရိသတ်များ ဗီတာမင်ဒီစားသုံးမှုကို အမှုမဲ့ အမှတ်မဲ့ မနေကြရန် တိုက်တွန်းလိုက်ပါသည်။ ဗီတာမင်ဒီသည် အစားအစာများဖြစ်သည့် နွားနို့၊ ငါးအဆီ၊ ထောပတ်သီး၊ လိမ္မော်သီးတို့မှရရှိနိုင်ပြီး နေရောင်ခြည်ခံခြင်းမှလည်း ရနိုင်ပေသည်။

နောက်သတင်းတစ်ပုဒ်မှာ ဆီးချိုဝေဒနာရှင်များအတွက် သတိထားစရာ သတင်းတစ်ပုဒ်ဖြစ်ပါသည်။ ဆီးချိုဝေဒနာရှင်တိုင်း ပူးတွဲဖြစ်ပေါ်တတ်သည့် သွေးတိုးရောဂါကိုပါ ဂရုစိုက်ရန်လိုအပ်ပြီး သွေးထဲတွင်ရှိသည့် A1,C ဓာတ်ကို 7 unit ထက် မပိုအောင် ထိန်းကြရန် လူတိုင်းသိရှိပြီး ဖြစ်ပါသည်။ ယခုလေ့လာချက်အရ ဆီးချိုဝေဒနာရှင်များတွင် သွေးထဲရှိ အချိုဓာတ်နှင့်အတူ Triglycerides ခေါ် အဆီဓာတ်ကိုပါ ပုံမှန်စမ်းသပ်သင့်ကြောင်း၊ ယင်းအဆီဓာတ်များနေခြင်းသည် ဆီးချိုဝေဒနာရှင်များတွင် မျက်နှာတစ်ခြမ်း လေဖြတ်ခြင်း၊ ကိုယ်တစ်ခြမ်းလေဖြတ်ခြင်း၊ အာရုံကြောတုံ့ဆိုင်းခြင်းနှင့် မျက်စိအာရုံလွှာ ပျက်စီးခြင်းတို့နှင့် အထူးသက်ဆိုင်နေကြောင်း အမေရိကန်နိုင်ငံ မက်ချီဂင် (Michigan) တက္ကသိုလ်မှ သုတေသီတို့၏ လေ့လာချက်ကို ဖော်ပြထားပါသည်။ ယင်းသို့ သွေးထဲ၌ရှိသည့် Triglyceride Levelကို လူငယ်လူရွယ်များတွင် Fat ပါသောအစာများကို မစားခင်နှင့် စားပြီး စမ်းသပ်ကြည့်ခြင်းဖြင့် လူငယ်များ၌ အဝလွန်ရောဂါ (Obesity) ဖြစ်နိုင်ခြေရှိ၊ မရှိကို ခန့်မှန်းနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်တို့က International Journal of obesity တွင် ဖော်ပြထားသည်ကို မျှဝေအသိပေးရင်း ယခုတစ်ပတ် ထူးခြားလာသည့် ဆေးပညာသတင်းဆန်းများအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာပရိသတ်များ ဗီတာမင်ဒီစားသုံးမှုကို အမှုမဲ့အမှတ်မဲ့ မနေကြရန် တိုက်တွန်းလိုက်ပါသည်။ ဗီတာမင်ဒီသည် အစားအစာများဖြစ်သည့် နွားနို့၊ ငါးအဆီ၊ ထောပတ်သီး၊ လိမ္မော်သီးတို့မှ ရရှိနိုင်ပြီး နေရောင်ခြည်ခံခြင်းမှလည်း ရနိုင်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အထက (၁) ၂၀၀၈-၂၀၀၉ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ၁၆ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်မြို့နယ်လုံး၌ အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရ သံဖြူဇရပ်မြို့ အထက(၁)ကျောင်းအုပ်ဆရာကြီးဦးမင်းကျော်ဝင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြက်ဥအရောင်းဆိုင်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိ ကြက်ဥအရောင်းဆိုင်များတွင် နယ်စပ်မှ ဝင်ရောက်လာသော ကြက်ဥအတုများ ရောင်းချမှုမရှိစေရေးအတွက် ဩဂုတ်၁၂ရက်က မြို့နယ်အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၀၉၄)

29-9 (10).pmd 1 9/28/2009, 2:16 PM

တောင်ငူမြို့နယ် ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အထက (၅) ဘောလုံးကွင်း၌ သြဂုတ် ၁၇ရက်က ကျင်းပရာ အသက် ၁၀နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောက်တိုင်အမကအုပ်စု အသင်းအား မြို့နယ်ပညာရေးမှူး ဦးကျင်ဆိုင်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးစပါးလျာထားချက် ပြည့်မီအောင်စိုက်ပျိုး

နွားထိုးကြီး စက်တင်ဘာ ၂၈

နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌဦးမျိုးတင့်ဇော် ဦးဆောင်သော မြို့နယ်အဆင့် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များသည် စက်တင်ဘာ ၉ရက်က မိုးစပါးလျာထားချက် ပြည့်မီအောင် ကုလားပဲအစားထိုး စိုက်ပျိုးရေးအတွက် ပြင်စည်မြို့သို့ ကွင်းဆင်းကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က ရွှေပြည့်ရင်၊ ထိန်ဖလား၊ ဓိုးတောကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးလျာထားချက် ပြည့်မီအောင်စိုက်ပျိုးရေးနှင့် ကုလားပဲအစားထိုး စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

(၀၉၂)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ဆားရောင်းချသောဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးပြည့်ဝစွာပါဝင်မှု ရှိမရှိစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်၊ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးဇော်အေးထွေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းအောင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျွန်းလှ၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ကျွန်းလှ စက်တင်ဘာ ၂၈

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သြဂုတ်၂၉ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းပြီး ကျွန်းလှမြို့ပေါ်ရှိ စာသင်ကျောင်းငါးကျောင်း၊ ဈေးသုံးဈေး၊ မီးရထားဘူတာရုံနှင့် ရပ်ကွက်လေးရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ကြီးကြပ်ဆောင်ရွက်

ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မန်ယူ၊ ချယ်လ်ဆီးနဲ့ ရီးရဲမက်ဒရစ်တို့ သုံးမှတ်စီယူကြမယ့် ချန်ပီယံလိဂ်ပွဲစဉ်(၂)

ချန်ပီယံလိဂ်အကြိုသုံးသပ်ရေးသားသူ - ထွန်းထွန်းဦး (လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၈

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ် (၂) (၁-၁၀-၂၀၀၉ ရက်၊ နံနက် ၁း၁၅)

အောက်တိုဘာ ၁ရက်မှာ ကစားမယ့်ပွဲစဉ်တွေကတော့ စိတ်ဝင်စားစရာတွေနဲ့ ပြည့်နေပြန်ပါတယ်။ အသင်းကြီးအများစုဟာ အိမ်ကွင်းမှာ ကစားရမှာဖြစ်နေတာရယ်၊ ဘိုင်ယန်နဲ့ ဂျူဗင်းတပ်တို့ လာတွေ့ဆုံနေတာဟာ နီကိုးရှားမြေပေါ်မှာ သွားကစားရမယ့် ချယ်လ်ဆီးပွဲစဉ်တွေလိုပဲ စောင့်ကြည့်ချင်စရာ ကောင်းနေတယ်။ ရီးရဲမက်ဒရစ်ဟာ ဘာနေဗျူးမှာ တိုက်စစ်အစွမ်းပြ ကစားနိုင်မလားဆိုတာ ထပ်မံသုံးသပ်ရမှာဖြစ်နေပြီး မန်ယူကလည်း အိုးထရက်ဖို့ဒ်မှာ ဂျာမန်ကလပ် ဝုဒ်ဘတ်ကို ပရိသတ်အကြိုက် အလဲထိုးနိုင်မလား ဆိုတာကိုပါ လေ့လာရမယ့်ပွဲတွေ ဖြစ်နေပါတော့တယ်။

အုပ်စု(က)

ဘော်ဒိုး-မက္ကာဘီဟိုက်ဖာ

တူရကီကလပ် မက္ကာဘီဟိုက်ဖာ အနေနဲ့ကတော့ အဝေးကွင်းမှာ ပြင်သစ်ကလပ် ဘော်ဒိုးကို ယှဉ်ဖို့ခက်နိုင်ပါသေးတယ်။ ဘာကြောင့်လဲဆိုရင် ဘော်ဒိုးဟာ အိမ်ကွင်းမှာသလို ချာဗက်၊ ဂေါ်ကပ်နဲ့ ပလာစီတို့ဟာ ရှန်းအားကောင်းကောင်းနဲ့ ကစားနိုင်ကြလို့ပဲဖြစ်ပါတယ်။ ပြင်သစ်ကလပ်တွေဟာ အိမ်ကွင်းမှာဆိုရင် ဘယ်အသင်းမှမကြောက်ဘဲနဲ့ ကစားနိုင်တာကြောင့် မက္ကာဘီဟိုက်ဖာလိုအသင်းကို တရစပ် ဖိအားပေးမှာ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဧည့်သည်အသင်းဟာ အိမ်ရှင်ရဲ့တိုက်စစ်ကို လိုက်လံထိန်းချုပ်ရဖွယ်ရှိတယ်။ ဖြစ်နိုင်ခြေရှိတာကတော့ အိမ်ရှင်ကသာ မဖြစ်မနေ အနိုင်ယူကစားဖို့ရှိနေတဲ့ပွဲဖြစ်တယ်လို့ ပြောရမှာပါ။ ဘော်ဒိုးကိုသာ ကြိုက်မိပါတယ်။

ဘိုင်ယန်မြူးနစ်-ဂျူဗင်းတပ်စ်

ဂျူဗင်းတပ်စ်ရဲ့ အယ်ကွင်းတားနဲ့ အမော်ရီဟာ ကြောက်စရာကောင်းတဲ့ တိုက်စစ်အတွဲပါ။ ဒါကြောင့် အိမ်ရှင်ဘိုင်ယန်ဟာ ပြိုင်ဘက်ရဲ့ထိုးစစ်ကို သတိထားထိန်းချုပ်ရနိုင်ပါတယ်။ ဂျူဗင်းတပ်စ်ဟာ ဂျီအိုဗန်နီ၊ တီယာဂို၊ မာချီစီယိုတို့ရဲ့ ကစားအားနဲ့ ထပ်ပြီးကစားမှာ ဖြစ်နေ

အေစီမီလန်၌ ဂိုးသွင်းခြေမြူးနေဆဲဖြစ်သော တိုက်စစ်မှူး အင်ဇာဂီ၏ အောင်ပွဲခံဟန်။

တော့ ဘိုင်ယန်အဖို့ ခံစစ်ပိုင်းအမှားမများဖို့ လိုနေသေးတယ်။ ခံစစ်မှာလည်း မာမာထန်ထန်နဲ့ ကစားနိုင်တာမျိုးက နည်းနေတော့ ဂျူဗင်းတပ်စ်ရဲ့ ထိုးဖောက်မှုဟာ ထိရောက်နိုင်တာတွေ ရှိနေပါသေးတယ်။ ဘိုင်ယန်ဟာ မူလာ၊ ရစ်ဘာရီ၊ ရော်ဘင်နဲ့ ရှဝိန်းစတိုက်ဂါတို့လို ကစားအားကောင်းတဲ့ သူတွေနဲ့ကစားရင် ဒီပွဲမှာ ဂျူဗင်းတပ်စ်ကို ပြန်ပြီးဖိအားပေးနိုင်တာ မှန်ပေမယ့်လည်း ဆာလီဟာမစ်ဖစ်လို ဘိုင်ယန်ကစားသမားဟောင်းက ပြန်လည် ဒုက္ခပေးနိုင်တာကြောင့် အိမ်ရှင်အသင်းဟာ အနည်းငယ်ပြန်သတိထား ထိန်းချုပ်ရဖွယ်ရှိနေသေးတယ်။ နည်းပြ ဗန်ဟားလ်ကလည်း ဘိုင်ယန်တိုက်စစ်ကို အခုမှ ပုံဖော်ထားနိုင်ခါစ ရှိနေသေးတော့ ဂျူဗင်းတပ်စ်ကို အသာရအောင် လုပ်ယူဖို့ ရော်ဘင်တို့နဲ့ မလွယ်နိုင်လောက်သေးဘူး။ ဒါကြောင့် ဒီပွဲဟာ တစ်ဂိုးစီနဲ့ သရေကျဖို့ များပါတယ်။

အုပ်စု(ခ)

မန်ယူ-ဝုဒ်ဘတ်

ဝုဒ်ဘတ်တိုက်စစ်မှာ မီဒီကိုနဲ့ ဂရာဖီတီတို့ရှိနေပေမယ့် အိုးထရက်ဖို့ဒ်လိုကွင်းမှာ ပြိုင်ဘက်မန်ယူကို ခြေအသာနဲ့ ကစားနိုင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝုဒ်ဘတ်ဟာ အဝေးကွင်းမှာ ပြိုင်ဘက်

အသက်အရွယ်နှင့် မလိုက်အောင် ခြေစွမ်းပြနေဆဲဖြစ်တဲ့ မန်ယူမှ ရိုင်ယန်ဂစ်။

အိမ်ရှင်ရဲ့ ဖိအားပေးကစားမှုကို တောင့်ခံထားနိုင်စွမ်း နည်းနေလို့ပါ။ မန်ယူဟာ အိမ်ကွင်းမှာတော့ ဘယ်ပြိုင်ဘက်ကို မဆို အသာရအောင် ကစားပြဖို့ရှိနေတဲ့ အသင်းဖြစ်နေတော့ လူစုံမပါနိုင်တာတောင်မှ ရှိတဲ့ ကစားသမားတွေအစွမ်းနဲ့ ရအောင်တော့ အားထည့်ကစားပြဖို့များတယ်။ ဂျာမန်ကလပ်တွေဟာ အင်္ဂလန်မြေပေါ်မှာ ခြေအသာရလေ့ရှိတဲ့ အစဉ်အလာက ဒီနောက်ပိုင်းမှာ နည်းပါးသွားပြီဖြစ်တာကြောင့် ဝုဒ်ဘတ်အနေနဲ့ အဝေးကွင်းမှာ မန်ယူကို ဒုက္ခမပေးနိုင်တော့ပါဘူး။ အတွေ့အကြုံကလည်း နုနယ်နေသေးတော့ ဂရာဖီတီ အိမ်ရှင်ကို ဖာဒီနန်တို့က လှုပ်မရအောင် ထိန်းချုပ်ထားခဲ့ရင် ဒီပွဲမှာ ပရိသတ်အကြိုက် ရှင်မြူးပြိုးပန်း ဆင်ကြဖို့ရှိပါတယ်။

CSKA မော်စကို-ဘက်ရှီးတပ်

ဒီတစ်ခါတော့ အိမ်ရှင်အသင်းဟာ ပထမပွဲစဉ်က အရှုံးကိုချေပပြီး အနိုင်သုံးမှတ်ပြန်လည်ရယူနိုင်ဖို့အတွက် တရစပ်ဖိအားပေးကစားပြပါပြီ။ ဒါကြောင့် တူရကီကလပ်အနေနဲ့ အခုပွဲမှာ အိမ်ရှင်ရဲ့ဖိအားပေးမှုကို လိုက်လံထိန်းချုပ်ရဖွယ်ရှိနေပါသေးတယ်။ နှစ်သင်းစလုံးမှာ ကစားသမားကောင်းတွေမရှိပေမယ့် CSKA ကတော့ အိမ်ရှင်ဖိအားနဲ့ ကစားမှာဖြစ်နေတာကြောင့် တစ်ပန်းအသာရနေသေးတယ်။ နည်းပြကလည်း ရာမိုစ်ဖြစ်လာတာကြောင့် ဒီပွဲစဉ်မှာ သူ့အသင်းဘက်ကို ပုံစံသစ်မိမိရရချထားပေးပြီး ဘက်ရှီးတပ်ကို အနိုင်ကစားနိုင်သေးတယ်။ ဖြစ်နိုင်ခြေရှိတာကတော့ ဘက်ရှီးတပ်ကို ဒီပွဲစဉ်မှာ အိမ်ရှင်ဟာ ဂိုးရဖို့ မလွယ်နိုင်တောင် အနိမ့်ဆုံးနှစ်ဂိုး-တစ်ဂိုးလောက်နဲ့တော့ ကပ်ပြီးအနိုင်ရနိုင်ပါတယ်။

အုပ်စု(ဂ)

အေစီမီလန်-ဇူးရစ်

ဇူးရစ်ရဲ့ ခံစစ်ကြောင်းဟာ ဘယ်လို အခြေအနေရှိတယ်ဆိုတာ ရီးရဲနဲ့ပွဲမှာ တွေ့လိုက်ရပါတယ်။ ဒါကြောင့်လည်း ဇူးရစ်ရဲ့ အားနည်းချက်ကိုကြည့်ပြီး အေစီမီလန်ဟာ သူ့အသင်းကို အကောင်းဆုံး တိုက်စစ်တစ်ခုဖန်တီးပြီး အနိုင်ရအောင်လို့ လုပ်ယူပြမှာပါ။ ခက်တာက မီလန်ရဲ့ ကွင်းလယ်ဖန်တီးမှုဟာ ခုထိအချိတ်အဆက် မမိသေးလို့ပါပဲ။ ရော်နယ်ဒင်ဟိုသာ ဒီပွဲမှာ ကစားပုံကအစပြောင်းလဲပြီး ပါတို၊ အင်ဇာဂီတို့နဲ့ အတွဲအဖက်မိမိ ကစားနိုင်ရင်တော့ ဇူးရစ်လို အသင်းမျိုးအပေါ်မှာ ဘာမှ ကြောက်လန့်နေစရာမလိုအောင် တိုက်စစ်ကို အားပြုပြီး ကစားနိုင်ပါသေးတယ်။ ဒါကြောင့် အိမ်ကွင်းမှာ အေစီမီလန်ဟာ ပါတို၊ အင်ဇာဂီ၊ ဖလာမီနီ၊ ပီယာလိုတို့ရဲ့ အင်တိုက်အားတိုက်ကစားဟန်နဲ့ ကစားခဲ့ရင်တော့ ဒီပွဲမှာ မီလန်ရဲ့အနိုင်ဟာ နှစ်ဂိုးပြတ်လောက်ဖြစ်သွားနိုင်တယ်။ အိမ်ကွင်းအရှိန်လည်းရှိနေတော့ မီလန်ဟာအလေးသာပါတယ်။ မနှစ်က ယူအီးအက်ဖ်အေပွဲစဉ်မှာ ဒီနှစ်သင်းဆုံထားတုန်းက မီလန်က အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားဖူးတာ ရှိနေပါသေးတယ်။

ရီးရဲမက်ဒရစ်-မာဆေး

၂၀၀၃-၂၀၀၄ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ဒီနှစ်သင်းဆုံခဲ့ဖူးတယ်။ အဲဒီတုန်းက ရီးရဲမက်ဒရစ်ဟာ အဝေးကွင်းမှာ တစ်ဂိုး- နှစ်ဂိုးနဲ့နိုင်သလို အိမ်ကွင်းမှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရထားပါသေးတယ်။ ဒီနှစ်မှာလည်း ရီးရဲမက်ဒရစ်ဟာ တိုက်စစ်ပိုင်းမှာ တော်တော်လေးထက်မြက်နေပြီး ကာကာ၊ စီရိုနယ်ဒို၊ ဘင်ဇီမာ အစရှိတဲ့ ကစားသမားတွေကြောင့် ပြိုင်ဘက်တွေ ထိန်းမရဘဲ ဖြစ်နေတယ်။ ခံစစ်ပိုင်းမှာတော့ ကျစ်လျစ်မှု အားနည်းနေတာကို မပြေင်ဆင်နိုင်သေးဘူး။ ရီးရဲမက်ဒရစ်ဟာ အိမ်ကွင်းမှာတော့ ပရိသတ်အကြိုက်ဖြစ်အောင် ကစားနိုင်တာ တွေ့နေရတယ်။ ကာကာရဲ့ ဖန်တီးမှု၊ စီရိုနယ်ဒိုရဲ့ ထိုးဖောက်အားအပြင် ဘင်ဇီမာရဲ့ တရစပ်ဖိအားပေးမှုတွေကြောင့် မာဆေးဟာ ခံစစ်ပိုင်းအားပြု ကစားရတဲ့ အနေအထားမျိုး ရောက်သွားနိုင်သေးတယ်။ မာဆေးမှာက ချေရှူး၊ လူချိုဂွန်ဇာလက်ဇ်နဲ့ ဟိန့်ဇီတို့ရှိနေကြပေမယ့် ရီးရဲတိုက်စစ်ကို

မန်ယူကို ကျောခိုင်းထွက်သွားသော်လည်း အသင်းသစ် ရီးရဲတွင် ခြေစွမ်းပြနေသော စီရိုနယ်ဒို။

ဟန့်တားနိုင်မယ် မထင်မိဘူး။ ဒါကြောင့် စီရိုနယ်ဒိုတို့ရဲ့ ရီးရဲမက်ဒရစ်ပဲ အောင်ပွဲခံသွားမှာပါ။

အုပ်စု (ဃ)

ပေါ်တို-အက်သလက်တီကို

နိုင်ပွဲမရသေးတဲ့ နှစ်သင်းဆုံတဲ့ပွဲပါ။ လက်ရှိမှာ အက်သလက်တီကိုရဲ့တိုက်စစ်ကလဲ ပုံစံပျက်နေပြီး မနှစ်ကလောက်တောင်မှ ခြေမှန် ပြန်မရနိုင်သေးဘူး။ ကစားအားလည်းတက်မလာလို့ ဒီပွဲမှာ ပေါ်တိုလိုအသင်းမျိုးကို အခက်တွေ့အောင် လုပ်နိုင်ဖို့ မလွယ်ပါဘူး။ ပေါ်တိုမှာ ဖာနန်ဒိုမပါနိုင်ပေမယ့် ဟော့လ်ခ်၊ ရိုဒရီဂွက်နဲ့ ဂွန်ဇာလက်ဇ်တို့ဟာ သွက်သွက်လက်လက်နဲ့ ကစားနိုင်သေးတာကြောင့် ဧည့်သည်ကို ဒုက္ခပေးဖို့ အသင့်ပါပဲ။ အက်သလက်တီကို ခံစစ်မှာရှိတဲ့ ကစားသမားတွေဟာ ပွဲပန်းနေကြသလို ကစားအားလည်းကျနေတော့ အချိတ်အဆက်မမိဘဲ ဖြစ်နေသေးတယ်။ အက်သလက်တီကိုရဲ့ ထိုးစစ်ဟာ ဒီပွဲမှာလည်း ယုံစားထားလို့ မရနိုင်လောက်ပါဘူး။ အဂွေရိုနဲ့ ဖော်လန်ကိုပဲ အားကိုးနေဦးမယ်ဆိုရင် နည်းပြရီဆီနိုအဖို့ ပေါ်တိုကို သရေနဲ့ပဲ အမြင့်ဆုံးကျေနပ်ရဖို့ မျှော်လင့်နိုင်မှာပါ။ ခြေအရတော့ ပေါ်တိုက သာတယ်ဆိုပေမယ့် ဂိုးသွင်းမသပ်ရပ်တဲ့ ကစားသမားတွေကြောင့် အက်သလက်တီကိုလို အသင်းမျိုးကို တစ်မှတ်ခွဲပေးရဖို့ ရှိနေပါတယ်။

ချယ်လ်ဆီးအသင်း၏ ကွင်းလယ်သွေးကြောဖြစ်သော လမ်းပတ်၏ ဘောလုံးကစားဟန်ကလည်း ဤသို့ ....။

နီကိုးရှား-ချယ်လ်ဆီး

ဒီတစ်ခါတော့ ဆိုက်ပရပ်ကလပ် နီကိုးရှားလိုအသင်းကို အဝေးကွင်းမှာ ချယ်လ်ဆီးဟာ ကစားအားကောင်းကောင်းနဲ့ ဖိအားပေးနိုင်ဖို့မခက်ပါဘူး။ နီကိုးရှားရဲ့ ခံစစ်ကစားပုံဟာ မာကျောမှု အပြည့်ရှိပေမယ့်လည်း ချယ်လ်ဆီးလို အသင်းအပေါ်မှာတော့ တရစပ်ဖိအားပေးနိုင်စွမ်းနည်းပါတယ်။ ကစားသမားတွေရဲ့ ကစားအားနှုန်းနဲ့ ကျွမ်းကျင်မှုဟာ ချယ်လ်ဆီး ကစားသမားတွေလောက် မစွမ်းပါဘူး။ နောက်ပြီးတော့ လုပ်ရည်ကိုင်ရည်အပိုင်းမှာပါချယ်လ်ဆီးကအသာရနေတော့ အန်ဆယ်လော့တီရဲ့ အစွမ်းနဲ့ ဒီပွဲမှာ ချယ်လ်ဆီးဟာ အဝေးကွင်းမှာ ယှဉ်ပြိုင်မှာ ဖြစ်နေပါတယ်။ ချယ်လ်ဆီးအနေနဲ့ တိုက်စစ်ပိုင်းကလည်း ကွင်းလယ်နဲ့ အချိတ်အဆက်မိနေပါတယ်။ ဒါကြောင့်လည်း အခုပွဲမှာ အိမ်ရှင်ဟာ ခံစစ်သက်သက်နဲ့ ပွဲထွက်ရင်တောင် ဘယ်လိုမှသရေမရနိုင်တာကြောင့် ဒီပွဲကို ချယ်လ်ဆီးရဲ့ အနိုင်ပွဲလို့ပြောရတော့မှာပါ။ ချယ်လ်ဆီးကပဲ အဝေးကွင်းမှာ အနိုင်ရသွားမယ့်ပွဲပါပဲ။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်လျက်ရှိသော ကိစ္စများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ၂နာရီက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကဦးတေဇ၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းရှစ်သင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စာနယ်ဇင်း၊ မီဒီယာများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ချုပ်၏ ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်မှ မြန်မာ့လက်ရွေးစင်အသင်းများအတွက် စားစရိတ်စုစုပေါင်း ကျပ်သိန်း ၅၀၀ကို လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံယူသည်။ **(အပေါ်ပုံ)** ယင်းနောက် တက်ရောက်လာသော စာနယ်ဇင်းမီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

ခြေစမ်းပွဲ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခု ၂၀၀၉ခုနှစ်အတွင်း နိုင်ငံတကာ ပြိုင်ပွဲလေးခု ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး ပြည်ပအသင်းများကိုလည်း ဖိတ်ခေါ်ကာ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။ အောက်တိုဘာ ၉ ရက်မှ ၁၈ရက်အထိ အာဆီယံယူ-၁၆ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ(က)အသင်းနှင့် (ခ)အသင်း၊ သြစတြေးလျ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြောက်ကိုရီးယားအမျိုးသမီးအသင်းသည် လာမည့်အောက်တိုဘာလအတွင်း၌ ခြေစမ်းပွဲများ လာရောက်ကစားရန်ရှိသည်။

နိုဝင်ဘာလတွင် အာရှယူ-၁၆ အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ အာရှယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသားအသင်းကို ကိုင်တွယ်ရန် နိုင်ငံခြားနည်းပြတစ်ဦးကို ခန့်အပ်သွားရန် စီစဉ်လျက်ရှိသည်။ မော်ရင်ဟို၏ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူနှင့် မြန်မာအသင်းနည်းပြဟောင်း မားကိုစ်ဖလော်ပါတို့ အပါအဝင် နိုင်ငံခြားနည်းပြ ခုနစ်ဦးတို့ထဲမှ ရွေးချယ်ကာ ခရိုအေးရှားလူမျိုးနည်းပြ Drago Mamic ကို ခန့်အပ်ရန် စီစဉ်နေကြောင်း သိရသည်။ ၄င်းသည် အသက် (၅၆)နှစ် အရွယ်ရှိပြီး UEFA ပရိုနည်းပြလိုင်စင် ရရှိထားသူဖြစ်သည်။ မြန်မာယူ-၂၃ အသင်းအား ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများကစားနိုင်ရန် စင်ကာပူလက်ရွေးစင်အသင်းနှင့် အိုမန်လက်ရွေးစင်အသင်းတို့အား ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မကွေးတိုင်း ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ် မင်းလယ်ကျေးရွာ နေပြည်သူများ သန့်ရှင်းသောရေ ရရှိရေးအတွက် အမြင့်တင်ပန့်ဖြင့် ရေစုပ်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးဟန်မြင့် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းအပြင်၌ ရောင်းချလျက်ရှိသော ဆေးဆိုင်များတွင် ကန့်သတ်တားမြစ်ထားသည့် ဆေးများ ရောင်းချခြင်း ရှိ/မရှိကို စက်တင်ဘာ ၁၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဒေါ်မြင့်မြင့်သိန်း၊တိ/မွေး/ကု ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးကြည်ဝင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတာဝန်ရှိသူများ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

တစ်ဦးတည်းသော ချစ်မြေးလေး **ငုရွှေဝါ**၏ ၂၉-၉-၂၀၀၉ရက်တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းများစွာ ကျန်းမာ၊ ချမ်းသာ ပြည့်စုံစွာဖြင့် ထူးချွန်ထက်မြက်သော သမီးကောင်း ရတနာလေး ဖြစ်ပါစေ-

ဘိုးဘိုး-ဘွားဘွား - ဦးစိုးမြင့်-ဒေါ်အုန်းဆန်း၊
လေးလေး - ရဲမင်းစိုး၊
အန်တီ - အေးနွယ်စိုး၊ သူဇာလင်း။

အထူးဈေးရောင်းပွဲတော် ကျောက်မဲမြို့၌ ဖွင့်လှစ်ရောင်းချ

လားရှိုး စက်တင်ဘာ ၂၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက်၈ နာရီတွင် ကျင်းပသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲ အခမ်းအနားတွင် ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်လေးက ဈေးပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးနေဝင်းစိုးနှင့် ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စက်မှု(၁)ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဖွင့်လှစ်ရောင်းချ

ဈေးပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ပစ္စည်းများကို အရောင်းဆိုင်ခန်းများဖွင့်လှစ်၍ စက်တင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

(လားရှိုးကိုယ်ပွား)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၉-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး-ဖိုလ်ကလေး တင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အကပြိုင်ပွဲ
- ၈:၀၀ ၇။ **ဇင်ဇင်နှင့်ခြင်ကျား**
- ၈:၁၅ ၈။ ပဲခူးတိုင်းရဲ့ အလှပန်းချီဆွာချောင်းတံတားနဲ့ သက်သေတည်
- ၈:၂၅ ၉။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး) (က)ဝေဇယန္တာ (လုလင်ငယ်သွေး မောင်သန်းအေး) (ခ) စံရာဘုံမြင့် (ကြူကြူသင်း)**
- ၈:၄၀ ၁၀။ International News
- ၈:၅၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄:၁၅ ၃။ တေးဂီတအစီအစဉ်
- ၄:၂၅ ၄။ အဆိုပြိုင်ပွဲ
- ၄:၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၇။ နားဝင်ပီယံ သူ့လက်သံ
- ၄:၅၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၀၅ ၉။ **စွန့်လွှတ်စွန့်စားကြသူများ** (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ- အောင်ကိုလတ်၊ အောင်ထွန်းထွန်းလွင်)
- ၅:၁၅ ၁၀။ အလင်းတံခါးဖွင့်လှစ်ခဲ့ပြီ အညာဒေသဆီ(အပိုင်း-၂)
- ၅:၃၀ ၁၁။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်ပထမတန်းအဆင့်) (အမျိုးသား) (က) ဇရာ (ကိုမင်းနောင်) (ခ) ကျောင်းတော်ရာ (ကိုအောင်ကြိုင်)**
- ၅:၄၅ ၁၂။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၆:၀၀ ၁၃။ ညနေခင်းသတင်း
- ၆:၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၅။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၄၀ ၁၆။ ဆိုလိုက်ကြစို့
- ၇:၁၀ ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ**(အပိုင်း-၂၀)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ**(အပိုင်း-၃၃)

အာရှ အကြီးတန်း ဘော်လီဘောပြိုင်ပွဲ မြန်မာအမျိုးသားအသင်း ပွဲဦးထွက် အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၈

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပနေသည့် (၁၅)ကြိမ်မြောက် အာရှ အကြီးတန်း အမျိုးသားတံခွန်စိုက် ဘော်လီဘောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ၂၇ရက်က ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းသည် အိမ်ရှင် ဖိလစ်ပိုင်အသင်းကို ၂၀-၂၅ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၂-၂၅ မှတ်၊ ၂၅-၁၉ မှတ်၊ ၁၇-၁၅ မှတ်တို့ဖြင့် သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ***(ဘော်လီဘောအဖွဲ့ချုပ်)***

မွေးနေ့ဆုတောင်း

၂၉-၉-၂၀၀၉
သားကိုဇင် (ဇင်မင်းကြိုင်)
တစ်နှစ်အသက်-တိုးလို့လာပြီ
ယနေ့မှစ-အသိများတိုးပွား
သတိများ-မလစ်ခိုင်မြဲစေ-
ဘယ်လောက်ဝေးဝေး-ဖေဖေ၊ မေမေ၊ ကိုကြီး၊ မမ
ရင်မှာ နီးနီးလေးပါ။

ဖေဖေ - ဗိုလ်ကြီးသန်းကြိုင်
မေမေ - ဒေါ်မြင့်မြင့်အေး
ကိုကြီး - ဗိုလ်ကြီးရဲဝင်းထွန်း (တောင်ငူ)
မမ - ဒေါ်မော်မော်ကြိုင် (မော်ဇင်စတိုး)
တူလေး - မောင်မင်းသန့်ထွန်း (ကလော)။

အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ (က)အုပ်စု ရတနာဇုန် (မော်လမြိုင်)၌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊(ခ)အုပ်စု နတာဇုန်(ပုသိမ်)၌ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးအသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်(ခ)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဆ)အုပ်စု လပဇုန်(မန္တလေး)၌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တပဇုန် (တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာဖတ်ဝိုင်းနှင့်ဟောပြောပွဲမြောက်ဥက္ကလာပ၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (ဈ)ရပ်ကွက် အနေးယာဉ်လုပ်သားများ စည်းရုံးရေး အခြေစိုက်စခန်းတို့ပူးပေါင်း၍ စာဖတ်ဝိုင်းနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ရက်က အဆိုပါအနေးယာဉ်အခြေစိုက်စခန်း၌ ကျင်းပရာ အနေးယာဉ်အခြေစိုက်စခန်းနယ်မြေတာဝန်ခံဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)**မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာဖတ်ဝိုင်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေးကို ဟောပြောသည်။

သုံးသပ်ဆွေးနွေး

ဆက်လက်၍ အနေးယာဉ်အခြေစိုက်စခန်းဂိတ်မှူးများက စက်တင်ဘာ ၁၅ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါဆောင်းပါးရှင်ရဲကျော်၏ "အားလုံး၏ ထာဝရငြိမ်းချမ်းရေး" ဆောင်းပါးကို အလှည့်ကျဖတ်ကြားပြီး မြို့နယ်ဦးစီးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးကာ အနေးယာဉ်အခြေစိုက်စခန်းဥက္ကဋ္ဌ ဦးတင်လှက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။**(မြို့နယ်ပြန်/ဆက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ စုစည်းတင်ပြသည်

ငွေထည်ဖြင့်ပြုလုပ်သည့် အကြီးဆုံးနာရီ

*အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့တွင် ငွေထည်ပြုလုပ်သူများအဖွဲ့က တီထွင်ထုတ်လုပ်ထားသည့် ငွေနာရီတစ်လုံး(**ယာပုံ**)မှာ အမြင့် ၇ ဒသမ ၃၃ ပေရှိပြီး အလေးချိန် ၅၀ ဒသမ ၁၆၃ ဂရမ်ရှိရာ ကမ္ဘာပေါ်၌ ငွေထည်ဖြင့် ပြုလုပ်ထားသည့် နာရီများအနက် အကြီးဆုံးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံ ရသည်။*

(အင်တာနက်)

ကမ္ဘာ့အမြန်ဆုံး ရေနွေးငွေ့အားသုံး မော်တော်ယာဉ်

အမေရိကန်နိုင်ငံ လိုင်မင်တန်မြို့၌ စက်တင်ဘာ ၂၆ရက်က စမ်းသပ်မောင်းနှင်ပြသသော ရေနွေးငွေ့အားသုံး မော်တော်ယာဉ်တစ်စီးသည် တစ်နာရီလျှင် ၁၃၉ ဒသမ ၈၄ မိုင် မောင်းနှင်နိုင်သဖြင့် ကမ္ဘာပေါ်တွင် အမြန်ဆုံး မောင်းနှင်နိုင်သော ရေနွေးငွေ့အားသုံး မော်တော်ယာဉ်ဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ဖော်ပြခံရသည်။(အပေါ်ပုံ) (အင်တာနက်)

ကမ္ဘာ့ အရှည်ဆုံး မော်တော်ဆိုင်ကယ်

ဗြိတိန်နိုင်ငံ စတမ်းဖို့ဒ်မြို့၌ ကိုလင်ဖူလ်အမည်ရှိ အမျိုးသားတစ်ဦး တီထွင်ပြုလုပ်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီးသည် အရှည် ၄၆ ပေရှိပြီး ၁ နာရီလျှင် မိုင် ၃၀ မောင်းနှင်နိုင်သဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံး မော်တော်ဆိုင်ကယ်တစ်စီးဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက်၌ ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ဘဝအမောပြေ ငါမတတ်နိုင်ဘူး

စိတ်ညစ်သဖြင့် အိမ်မှထွက်လာသော အမျိုးသားတစ်ဦးသည် စူပါကွန်ပျူတာ ထံသွားပြီး မေးခွန်းမေးမြန်းလေသည်-

အမျိုးသား ။ ။ လောကကြီးမှာ ကျွန်တော်ကံဆိုးလွန်းပါတယ်ဗျာ။
စူပါကွန်ပျူတာ ။ ။ ဘာအကူအညီပေးရမလဲပြောပါ။
အမျိုးသား ။ ။ ဒေါ်လာငါးသန်းလောက်လိုချင်ပါတယ်။
စူပါကွန်ပျူတာ ။ ။ မင်းရဲ့ဘဏ်စာရင်းထဲရောက်အောင်လုပ်ပေးမယ်။
အမျိုးသား ။ ။ ဟုတ်လား၊ ဝမ်းသာလိုက်တာ····။ မိန်းမလှလေးတစ်ဦးလောက်လည်း ရှာပေးပါလားဗျာ။
စူပါကွန်ပျူတာ ။ ။ မင်းအိမ်မှာရောက်နေပြီ။
အမျိုးသား ။ ။ ကျေးဇူးတင်လိုက်တာဗျာ။
စူပါကွန်ပျူတာ ။ ။ ကဲ···ဘာလိုချင်သေးလဲပြောပါဦး။
အမျိုးသား ။ ။ အဲဒီ မိန်းမလှလေးက စိတ်သဘောထား ကောင်းပြီး ကျွန်တော့်ကို အရမ်းချစ်တဲ့စိတ်မျိုးလေးရှိအောင် လုပ်ပေးပါဦး။
စူပါကွန်ပျူတာ ။ ။ မိန်းကလေးတွေ စိတ်ကိုပြုပြင်ဖို့တော့ ငါမတတ်နိုင်ဘူး။
အမျိုးသား ။ ။ "ဗျာ"

ဘဝဒဿန

Water dropped bit by bit will eventually wear through stone.

တစ်စက်ချင်းကျသော ရေစက်များသည် တဖြည်းဖြည်းချင်း ကျောက်တုံးကို ထွင်းဖောက်သွားပေလိမ့်မည်။

ရှိတ်စပီးယား
(ပြဇာတ်ရေးဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့် မြကေခိုင်စိုး

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး

ကွန်မြူနစ်ပါတီ တစ်ပါတီသာရှိသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး၊ ဒေသတွင်း၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ မြောက်ဗီယက်နမ် ကွန်မြူနစ်အင်အားစုများက တောင်ဗီယက်နမ်ကို ၁၉၇၅ခုနှစ်တွင် သိမ်းပိုက်ပြီးနောက် ၁၉၇၆ခုနှစ်တွင် တောင်နှင့် မြောက်ဗီယက်နမ်နှစ်နိုင်ငံမှာ တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းညီညွတ်သွားခဲ့ကြသည်။

ဗီယက်နမ်ကွန်မြူနစ်များသည် ပြင်သစ်ကိုလိုနီထမ်းပိုးကို ပထမဆုံး ရိုက်ချိုးပြီးနောက် အမေရိကန်ကို ထောက်ခံမည့် တောင်ဗီယက်နမ်ကို အနိုင်ယူသည်အထိ ခါးသီးသော နှစ်ပေါင်း ၃၀ကြာ လွတ်လပ်ရေးစစ်ပွဲများကို ဆင်နွှဲခဲ့ကြရသည်။

ခုခံတိုက်ခိုက်

ဤနိုင်ငံ၏သမိုင်းကို ပြန်ကြည့်လျှင် ၁၉၃၀ပြည့်နှစ်တွင် ဟိုချီမင်းက အင်ဒိုချိုင်းနား ကွန်မြူနစ်ပါတီ(အိုင်စီပီ)ကို စတင်ထူထောင်သည်။ ၁၉၄၁ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျူးကျော်သူ ဂျပန်များအား အိုင်စီပီဖွဲ့စည်းပေးသည့် ပြောက်ကျားအုပ်စု (ဗီယက်မင်း)က ခုခံတိုက်ခိုက်သည်။ ၁၉၄၅ခုနှစ်တွင် ဗီယက်မင်းပြောက်ကျားအင်အားစုများ အာဏာသိမ်းပိုက်လိုက်သည်။ ဗီယက်နမ် လွတ်လပ်ရေးကို ဟိုချီမင်းက ကြေညာသည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် ပြင်သစ်တပ်များက ဟိုင်ဖုန်မှဗီယက်မင်း ပြောက်ကျားတို့ကို တိုက်ခိုက်ရာမှ ကိုလိုနီ ဆန့်ကျင်ရေးစစ်ပွဲ အစပျိုးလိုက်သည်။

၁၉၅၀ပြည့်နှစ်တွင် ဗီယက်နမ် ဒီမိုကရက်တစ်သမ္မတနိုင်ငံကို တရုတ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့က အသိအမှတ်ပြုသည်။

ငြိမ်းချမ်းရေးဆွေးနွေး

၁၉၅၄ခုနှစ်တွင် အထီးကျန်ပြင်သစ် ဒင်ဘင်ဖူးခံတပ်ကို ဗီယက်မင်း ပြောက်ကျားများက ဝိုင်းတိုက်လိုက်သည်။ နှစ်လကြာပိတ်ဆို့တိုက်ခိုက်စဉ် ပြင်သစ်အစိုးရက ဂျီနီဗာ၌ ငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူသည်။ ဂျီနီဗာညီလာခံတွင် ဗီယက်နမ်နိုင်ငံကို ၁၇ မျဉ်းပြိုင်ဖြင့် တောင်နှင့်မြောက် နှစ်ခြမ်းခွဲလိုက်သည်။

၁၉၅၆ ခုနှစ်တွင် တောင်ဗီယက်နမ်သမ္မတ ငိုဒင်ဇင်းက နိုင်ငံရေးသဘောထားကွဲလွဲသူများအား ချေမှုန်းရေးကို စတင်ဆောင်ရွက်သည်။ ၁၉၅၇ ခုနှစ်တွင် တောင်ဗီယက်နမ်၌ ကွန်မြူနစ်ပုန်ကန်မှု စတင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ငိုဒင်ဇင်းအစိုးရအား အမေရိကန်က ပိုမိုထောက်ပံ့ကူညီသည်။ ၁၉၆၂ ခုနှစ်တွင် တောင်ဗီယက်နမ်၌ အမေရိကန်စစ်ဘက် အကြံပေးဦးရေ ၁၂၀၀၀ အထိ တိုးမြှင့်သည်။

၁၉၆၃ ခုနှစ်တွင် တောင်ဗီယက်နမ်၌ ဗီယက်ကောင်းတို့၏ ပြောက်ကျားထိုးစစ်က တောင်ဗီယက်နမ်တပ်များအပေါ် အနိုင်ရသည်။ သမ္မတငိုဒင်ဇင်းကိုလည်း ဖယ်ရှားပစ်လိုက်သည်။

ဗုံးကြဲတိုက်ခိုက်

၁၉၆၄ ခုနှစ်တွင် အမေရိကန်ဖျက်သင်္ဘောကို မြောက်ဗီယက်နမ် ကင်းလှည့်ရေယာဉ်များက တိုက်ခိုက်သည်ဟု စွပ်စွဲသည်။ သို့ဖြင့် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း မြောက်ဗီယက်နမ်ကို အမေရိကန်က ဗုံးကြဲတိုက်ခိုက်သည်။

၁၉၆၅ခုနှစ်တွင် အင်အား ၂၀၀၀၀၀ရှိ အမေရိကန်တိုက်ခိုက်ရေးတပ် တောင်ဗီယမ်နမ်သို့ ရောက်လာသည်။ ၁၉၆၆ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၀၀၀၀၀ အထိ တိုးလာပြီးနောက် တစ်နှစ်တွင် ၅၀၀၀၀၀အထိ ထပ်မံတိုးလာပြန်သည်။

၁၉၆၈ ခုနှစ်တွင် အမေရိကန်တပ်စခန်းများကို ဗီယက်ကောင်းနှင့် မြောက်ဗီယက်နမ်တပ်များက ထိုးစစ်စတင်ဆင်နွှဲသည်။ မိုင်းလေကျေးရွာလူ အစုအပြုံလိုက်သတ်မှုတွင် အရပ်သား ၅၀၀ကျော် အသက်ဆုံးရှုံးခဲ့သည်။

အပြီးရုပ်သိမ်း

၁၉၆၉ ခုနှစ်တွင် ဟိုချီမင်းကွယ်လွန်ခဲ့သည်။ ဗီယက်နမ်စစ်ပွဲကို အမေရိကန်ပြည်သူတို့က ပိုမိုဆန့်ကျင်လာသည့်အတွက် သမ္မတနစ်ဆင်က ဗီယက်နမ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေကို စတင်လျှော့ချသည်။ ၁၉၇၃ခုနှစ်တွင် ပါရီ၌ အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုရရှိသဖြင့် အမေရိကန်တပ်များ မတ်လတွင် အပြီးရုပ်သိမ်းခဲ့သည်။

၁၉၇၅ခုနှစ်တွင် မြောက်ဗီယက်နမ်တပ်များ တောင်ဗီယက်နမ်ကို ဝင်ရောက်ပြီး တောင်ဗီယက်နမ် သမ္မတဒေါင်ဗန်မင်း လက်နက်ချသောအခါ တစ်နိုင်ငံလုံးကို သိမ်းလိုက်သည်။

ဟိုချီမင်းစီးတီး

၁၉၇၆ခုနှစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ကြေညာလိုက်သည်။ ဆိုင်ဂုံမြို့ကိုလည်း ဟိုချီမင်းစီးတီးဟု အမည်ပြောင်းလိုက်သည်။ လှေစီးဒုက္ခသည်အပါအဝင် ထောင်ပေါင်းများစွာသော တောင်ဗီယက်နမ်ပြည်သူတို့ ပြည်ပသို့ ထွက်ပြေးကြသည်။

၁၉၇၉ခုနှစ်တွင် ဗီယက်နမ်တပ်များ ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်ပြီးနောက် ပိုပေါ့ဦးဆောင်သည့် ခမာနီအစိုးရကို ဖယ်ရှားပစ်လိုက်သည်။ ယင်းကို တုံ့ပြန်သည့်အနေဖြင့် တရုတ်တပ်များ ဗီယက်နမ်မြောက်ပိုင်းနယ်စပ်ကို ဖြတ်ကျော်လာသောအခါ ဗီယက်နမ်တပ်များက တွန်းလှန်လိုက်သည်။ ၁၉၈၉ခုနှစ်တွင် ဗီယက်နမ်တပ်များ ကမ္ဘောဒီးယားမှ ရုပ်သိမ်းခဲ့သည်။

သံတမန်ဆက်ဆံမှု

၁၉၉၂ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က စီးပွားရေးလွတ်လပ်မှုများကို ခွင့်ပြုသည်။ ကွန်မြူနစ်ပါတီမှာ ဗီယက်နမ်လူ့အဖွဲ့အစည်း၏ ဦးဆောင်အင်အားစုအဖြစ် ဆက်လက် တာဝန်ယူထားသည်။ ၁၉၉၄ခုနှစ်တွင် ဗီယက်နမ်အပေါ် နှစ်ပေါင်း ၃၀ကြာ ကုန်သွယ်ရေး ပိတ်ပင်မှုကို အမေရိကန်က ရုပ်သိမ်းသည်။ ၁၉၉၅ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု ပြန်လည်ပြုလုပ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၌ တင်းပြည့်အဖွဲ့ဝင် ဖြစ်လာသည်။

၂၀၀၅ခုနှစ် ဇွန်လတွင် ဝန်ကြီးချုပ် ဖန်ဗန်ခိုင် အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်သည်။ ဗီယက်နမ်စစ်ပွဲအပြီး အမေရိကန်သို့ ပထမဆုံးသွားသည့် ဗီယက်နမ်ခေါင်းဆောင်ဖြစ်သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) ဝင်ဖြစ်လာသည်။

ဖြေရှင်းခဲ့

၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နှင့်ဗီယက်နမ်တို့ နှစ် ၃၀ကြာ နယ်စပ်အငြင်းပွားမှုကို ဖြေရှင်းခဲ့သည်။

ကိုးကား-အင်တာနက် **တိုး-ရေးသားသည်**

၁၉၉၂ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က စီးပွားရေးလွတ်လပ်မှုများကို ခွင့်ပြု၊ ကွန်မြူနစ်ပါတီမှာ ဗီယက်နမ်လူ့အဖွဲ့အစည်း၏ ဦးဆောင်အင်အားစုအဖြစ် ဆက်လက် တာဝန်ယူထား။

သံတွဲမြို့ အထက(၁)ပညာရည်ချွန်ဆုချီးမြှင့်

သံတွဲ စက်တင်ဘာ ၂၄

သံတွဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက်၉နာရီက အဆိုပါကျောင်း ဒွါရာရွှေပြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်အောင်မြရီက အောင်ချက်မြင့်မားရေးဆိုင်ရာများကို တင်ပြဆွေးနွေးသည်။

ဆုချီးမြှင့်

ဆက်လက်၍ အခြေခံပညာအထက်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်၂၅ဦး စုစုပေါင်း၄၈ဦးတို့အား ကျောင်းအုပ်ဆရာမကြီးဒေါ်အောင်မြရီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ရခိုင်ပြည်နယ်တွင် ဒုတိယဆုရရှိခဲ့သူ မောင်တင့်အောင်ခိုင်အား ခရိုင်ဥက္ကဋ္ဌဦးခင်မောင်ကျော်က ရွှေတံဆိပ်ဆုချီးမြှင့်ကြောင်းသိရသည်။ **(အပေါ်ဝဲပုံ) (ခရိုင် ပြန်/ဆက်)**

ဇီးကနား-ကိုးတောင်ဘို့ ကျေးလက်လမ်း ဖောက်လုပ်ပြီးစီး ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူလာ

ကန့်ဘလူ စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇီးကနားကျေးရွာအုပ်စု ဇီးကနား-ကိုးတောင်ဘို့ အရှည်နှစ်မိုင်တစ်ဖာလုံ၊ အကျယ်ပေ ၃၀ရှိ ကျေးလက်ဖွံ့ဖြိုးရေးလမ်းကို ဇူလိုင်လအတွင်းက ဖောက်လုပ်ပြီးစီးသဖြင့် ဒေသခံပြည်သူတို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

တစ်ခုတည်းသောလမ်း

အဆိုပါလမ်းမှာ ဇီးကနားကျေးရွာအုပ်စု ဇီးကနားချပ်ကုန်း၊ နောကုန်းနှင့် လျှော်ဖြူကုန်းကျေးရွာများမှ ကိုးတောင်ဘို့ကျေးရွာ မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ကိုးတောင်ဘို့ ဘူတာသို့ လယ်ယာထွက်ကုန် ပစ္စည်းများပို့ဆောင်ရာ ကျေးရွာချင်းဆက် မြို့ကိုတက်သော လယ်သမားများအားထားရသည့် တစ်ခုတည်းသော ဖွံ့ဖြိုးရေးလမ်းဖြစ်သည်။

ဖောက်လုပ်

အဆိုပါလမ်းကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ကျေးလက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ကျော်တို့က ဇူလိုင် ၂၂ရက်မှ ၂၇ရက်အထိ နေ့စဉ်ရက်ဆက် အပြီးဖောက်လုပ်ကြခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

စုဆောင်း

ယင်းလမ်းကို နွေ၊ မိုး၊ ဆောင်းရာသီ မရွေး ဆက်သွယ် သွားလာနိုင်သည့် ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ရန် ဒေသခံပြည်သူများက လိုအပ်သောလမ်းခင်းကျောက်များ စုဆောင်းလျက်ရှိကြောင်း သိရသည်။ (၀၂၇)

မိုးရာသီဘောလုံးပြိုင်ပွဲ နမ့်လန်၌ကျင်းပ

သီပေါ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်သီပေါမြို့နယ်နမ့်လန်ဒေသတွင် အားကစားနှင့် ကာယပညာဦးစီးကော်မတီမှ ကျင်းပသော ၂၀၀၉ခုနှစ် မိုးရာသီမြို့နယ်ဥက္ကဋ္ဌ(ဖလား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၂ရက် ညနေ၃နာရီက နမ့်လန်အားကစားကွင်း၌ကျင်းပရာ နမ့်လန်ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်က အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်သား မြို့နယ် မိုင်းမော ကျေးရွာအုပ်စု မိုင်းမော တိုက်နယ်ဆေးရုံတွင် ဩဂုတ် ၇ရက်က ကျောက် ဆည်ခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်လှိုင်ဦး ဆောင် သောအဖွဲ့ မိုင်းမော တိုက်နယ်၊ ရခိုင်ကြီး တိုက် နယ်နှင့် ကူမဲတိုက်နယ်ရှိ ကျေးရွာသူ ကျေးရွာသားများအား အခမဲ့ကွင်းဆင်း ဆေးကုသပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အင်တောမြို့ ပြန်/ဆက် DTH စနစ် ရုပ်သံဖမ်းစက်တပ်ဆင် ဒေသနေပြည်သူများ ရုပ်သံလိုင်းများ ကြည်လင်စွာကြည့်ရှုနိုင်

အင်တော စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဒေသနေပြည်သူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV -3၊ MRTV- 4 အစီအစဉ်များကိုကြည့်ရှုနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက စီမံလှူဒါန်းသည့် DTH စနစ် ရုပ်မြင်သံကြားဖမ်းစက်ကို မြို့အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ကြူကြူလှိုင်တို့ ကြီးကြပ်၍တပ်ဆင်ပေးခဲ့ပြီး ရုပ်သံလိုင်းများ ဖမ်းယူရာတွင် ကြည်လင် ပြတ်သားမှုရှိပြီး ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ယင်းမာပင်တွင် ဆောင်ရွက်

ယင်းမာပင် စက်တင်ဘာ ၂၁

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းဇော်ဝင်း၊ မြို့နယ် လဝက ဦးစီးမှူး ဦးစန်းလွင်**(အောက်ဝဲပုံ)**၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးဇော်လွင်ဦး၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာဦးဇော်မင်းထွန်း၊ မြို့နယ်စိမ်းစိုဦးစီးအရာရှိ ဦးစိုးလွင်သူနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းတို့သည် ဩဂုတ် ၁၇ရက် နံနက် ၉ နာရီက အင်းသာကျေးရွာ၌လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် တာဝကျေးရွာ၌ လည်းကောင်း၊ ညနေ ၄နာရီတွင် ပန်းမထုံးကျေးရွာ၌ လည်းကောင်း၊ ကျေးရွာတောင်သူများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ မိုးစပါးစိုက်ပျိုးရေး၊ မှတ်ပုံတင်ကတ် ပြုလုပ်ရေး၊ ဝါစိုက်ပျိုးရေးနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို ဟောပြောဆွေးနွေးကြသည်။

လှူဒါန်း

ထို့နောက် ပန်းမထုံးကျေးရွာ ပန်းသတင်းစာကြည့်တိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုကြပြီး အဆိုပါစာကြည့်တိုက်အတွက် ငွေကျပ် ၁၅၀၀၀ ကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မင်းပြားမြို့ ဝင်ဆိုင်းဘုတ်

မင်းပြားမြို့ မြို့ဝင်ဆိုင်းဘုတ် သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ဩဂုတ် ၃၁ရက်တွင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းအောင်က ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၂၇ရက်က ဧရာဝတီတိုင်း ငရုတ်ကောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေး လုပ် ငန်း များ ဆောင် ရွက် ခြင်း ကို မြို့တာဝန်ခံ ဦးမောင်အေးသိန်းနှင့် အဖွဲ့ဝန်ထမ်းများဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မှူခင်းကျဆင်းရေးဟောပြော

မန္တလေး စက်တင်ဘာ ၁၅

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်း ရပ်ကွက်(၁၉) ရပ်ကွက်တွင် မှုခင်းကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲကို ကွင်းဆင်းဆောင်ရွက်မှုအဖြစ် ဩဂုတ် ၂၉ရက်က မေဃဝီရိရပ်ကွက်ရုံး၌ ကျင်းပရာ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရှိန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမင်းဟန်က မှုခင်းဖြစ်ပွားမှုကို ရှင်းပြသည်။ ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးတင်ဦးနှင့် တွဲဖက်တရားသူကြီး ဦးလွန်းဘော်တို့က မှုခင်းဖြစ်ပွားစေတတ်သော ဖြစ်ရပ်များ ဥပဒေပုဒ်မများအကြောင်း ပညာပေးဟောပြောကြသည်။ (၀၉၂)

မြင်းမူမြို့ အမှတ်(၁)နယ်မြေ အောင်ဇေယျရပ်ကွက်ရှိ ဂျင်းလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေသော ရွှေပေါင်လောင်လမ်းကို ဩဂုတ် ၁၆ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အောင်မြင်မိုးသီတာ တိုင်းရင်းဆေးစွမ်းကောင်းများ

GUMKINO
Garage Sale

လူသုံး/အိမ်သုံးကုန်ပစ္စည်းမျိုးစုံ ရောင်းချဝယ်ယူနိုင်ပါသည်။

နေ့ရက် - ၁-၁၀-၂၀၀၉ရက်မှ ၄-၁၀-၂၀၀၉ရက် အထိ

နေရာ - ၄၃/၁၊ သီရိမင်္ဂလာ (အာတီးယား)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၆၅၂၆၃၄၊ ၅၀၂၅၂၉၊ ၀၉- ၅၁-၃၅၈၇၀။

မာလာတင်
အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၂-၁၁-၂၀၀၉ရက် စမည်
စုံစမ်းချိန် - နံနက် ၉း၀၀ နာရီ မှ ညနေ ၆း၀၀ နာရီ အတွင်း

လှူဦးရေကန့်သတ်သည်
အမှတ် ၂၉၇၊ အခန်း(၆)
မဟာဗန္ဓုလပန်းခြံလမ်း
ရန်ကုန်မြို့။

ဖုန်း- ၃၇၉၇၃၅၊ ၃၈၄၉၂၄။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ၈၀/၁၆၊ ဦးပိုင်အမှတ်၃၈၊ ၆၂လမ်း×၆၃လမ်း၊ မင်္ဂလာလမ်း ဒေါ်မြပြုံး အမည်ပေါက် မြေကွက်အား ဦးညွန့်ရင် ၅/ဝသန(နိုင်)၀၁၇၅၀၂ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ၈၀/၁၆၊ ဦးပိုင်အမှတ် ၃၉၊ ၆၂လမ်း×၆၃လမ်း၊ မင်္ဂလာလမ်း ဦးအေးမောင် အမည်ပေါက် မြေကွက်အား ဦးညွန့်ရင် ၅/ဝသန(နိုင်)၀၁၇၅၀၂ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

သိမ်အလှူရှင် အလိုရှိသည်

ပတ္တမြားရတနာကျောင်းတိုက် မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်

ဖုန်း-၆၃၈၃၅၇၊ ၇၂၈၆၉၁။



ရောင်းမည်

CNG ဘ/...
နီဆန်း Prelade ဗင်
လိုင်စင်ဝင်ပြီး

ဖုန်း- ၀၉-၈၆-၁၀၇၀၀၊ ၂၉၁၇၃၂။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၁၊ ဦးပိုင်အမှတ် ၂၇ (ခဲစင်း)၊ စစ်ကိုင်း၊ မန္တလေးလမ်းအရှေ့ဘက်၊ ဦးမွားခုံးကျော် အဆင်းလမ်း တောင်ဘက်ထောင့် ကိုအောင်မြင့်အမည်ပေါက် မြေကွက်အား ဦးမန်းစိန်ပါ(၂) ၉/မနတ(နိုင်) ၀၇၂၆၀၉က အမှုတွဲအမှတ် ၀၁၉၉၊ ဘ(ခွဲ/ပြောင်း)၊ ၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကထိန်ခင်း၊ သိက္ခာထပ်မင်္ဂလာ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉဏရပ်ကွက်၊ နွယ်သာဂီလမ်း၊ ရတနာစံဦးတိုက်၊ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ပဓာနနာယက ဖြစ်တော်မူသော ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက မြောက်ဦးဆရာတော် “ဝနဝါသီ အရှင်ဝါယာမိန္ဒ”အား အမျူးထားလျက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၌ ပုရိမဝါမှ ထတော်မူကြသော သံဃာများအပါအဝင် ပင့်သံဃာ အပါး၅၀တို့အား ကထိန်သင်္ကန်း၊ ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစု တို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးအား သိက္ခာထပ်ပူဇော်ကန်တော့ မည်ဖြစ်ပါ၍ ကျွန်တော်၊ ကျွန်မတို့နှင့်အတူ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်တော်မူကြသော တပည့် ဒါယကာ၊ ဒါယိကာမများအပေါင်းတို့အား ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တရားတော်နာယူ ကုသိုလ်ပွားများနိုင်ပါရန် အလှူတော်မင်္ဂလာပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာနေ့ရက် - ၁၃၇၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက် ၄-၁၀-၂၀၀၉ရက် (တနင်္ဂနွေနေ့)။

အလှူတော်မင်္ဂလာအချိန် - နံနက် ၈း၀၀နာရီ၊

သိမ်ဆင်း - နံနက်၉း၀၀နာရီ၊ သံဃာအပါး(၅၀)

အလှူတော်မင်္ဂလာနေရာ - မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ နွယ်သာဂီလမ်း၊ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ။

ရွှေသဇင်ကုမ္ပဏီလီမိတက်
(ဖူဂျီဆပ်ပြာမိသားစု)နှင့်
ဒါယကာ၊ ဒါယိကာမများ။

၁၆-၉-၂၀၀၉ ရက် မြန်မာ့အလင်းသတင်းစာပါ မောင်သန်းထိုက် ၁၄/ညတန(နိုင်)၀၉၇၉၄၆ ကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်း
အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းဈေးကလေးလမ်း၊ တိုက်အမှတ်(၁၀၇)၊သုံးလွှာနေ မဇင်မာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၄/ညတန(နိုင်)၁၀၅၄၃၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မဇင်မာနှင့် လူကြီးမင်းတို့သည် ညောင်တုန်းမြို့အပိုင် သဇင်ရေကျော် ကျေးရွာဇာတိဖြစ်ကြပြီး နှစ်ဖက်မိဘများနှင့် ရပ်ရွာလူကြီးများ ရှေ့တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ်၂၄၇/ခ၊ အိမ်ခြံမြေနှင့် လှိုင်သာယာမြို့နယ် အောင်မင်္ဂလာဈေးရှိ ဆိုင်ခန်းအမှတ် (ခ/၂၂)နှင့် (ခ/၂၃)တို့အား ၂၀၀၂ ခုနှစ်တွင် လင်မယားနှစ်ဦးပိုင်အဖြစ် လူကြီးမင်းအမည်ဖြင့် ဝယ်ယူခဲ့ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေမဇင်မာနှင့် တရားဝင်အကြင်လင်မယား အဖြစ် ပေါင်းသင်းနေစဉ် ၂-၁၀-၂၀၀၆ ရက်တွင် အခြားအမျိုးသမီးတစ်ဦးနှင့် ထပ်မံ လက်ထပ်ပေါင်းသင်းခဲ့ပါသည်။

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ မဇင်မာနှင့် လင်မယားနှစ်ဦးပိုင်အဖြစ် လူကြီးမင်းအမည်ဖြင့် ဝယ်ယူခဲ့သည့် အထက်ပါအိမ်ခြံမြေနှင့် ဆိုင်ခန်းနှစ်ခန်းကို နှစ်ဖက်ဆွေမျိုးအသိသက်သေများရှေ့တွင် ၅-၅-၂၀၀၇ ရက်စွဲပါ ပစ္စည်းလွှဲပြောင်း ပေးအပ်ခြင်း စာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေအား လွှဲပြောင်းပေးအပ်ခဲ့သဖြင့် အထက်ပါ အိမ်ခြံမြေနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများမှာ ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ရှိနေကြောင်း လူကြီးမင်းအသိပင် ဖြစ်ပါသည်။

လူကြီးမင်းမှ မိမိကိုယ်တိုင် သိရှိဆောင်ရွက်ခဲ့သည့်အပေါ် ယခုကဲ့သို့ အိမ်အရောင်းအဝယ်စာချုပ် ပျောက်ဆုံးနေကြောင်း အများသိစေရန် မမှန်မကန် ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ ထိုသို့ မမှန်မကန် ဆောင်ရွက်မှုများ ဆက်လက် မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ဆက်လက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မိုး
LL.B.,D.B.L
အထက်တန်းရှေ့နေ

ဦးမြင့်ဦး
LL.B.,D.B.L., D.I.L
တရားရုံးချုပ်ရှေ့နေ

အမှတ် ၈၃/၁၁၊ (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရီရီဝင်း ၁၃/တကန(နိုင်)၀၆၆၅၃၅ ၏ မနလ အမှတ် ၅၄၅၈၄၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပေးပါရန်။

ဖုန်း- ၂၉၁၉၅၉။

သင့်သွေးဖြင့်
အသက်
ကယ်ပါ

အိမ်ရောင်းမည်

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၉)ရပ်ကွက်၊ ၇/၈လမ်းဆုံအနီး တစ်ထပ်တိုက်RC၊ 2BR, 1MBR ရေချိုးခန်းတွဲလျက်၊ ရေချိုးခန်းနှစ်ခန်း၊ ကြွေပြားခင်း/ကပ်၊ မီးဖိုခန်း ကြွေပြားခင်း/ကပ်၊ ကားဂိုဒေါင်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အဝီစိ/၄မိုးရိပ် ရေ၊ မီး၊ ဝင်းခတ်ပြီး၊ အသင့်နေနိုင်၊ ဈေးနှုန်းညှိနှိုင်းဈေး။

ဖုန်း- ၀၉-၅၁-၀၁၀၇၅၊ ၀၉-၅၀-၈၀၁၇၀။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇စီ^၃၊ မြေကွက်အမှတ် ၁၉၆၊ မြေကွက်တည်နေရာ အမှတ် ၁၂၊ ဦးဖိုးလမ်း စမ်းချောင်းမြို့နယ် ဒေါ်အင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် ၃၁၈/၈၅ဖြင့် ပိုင်ဆိုင်သူ မောင်နမနှစ်ဦးအနက် ဒေါ်စိမ်းညို(အမျိုကြီး)ဘ၀ဖြင့် ကွယ်လွန်ပြီး ဦးညွန့်တင် ကွယ်လွန်သဖြင့် ဒေါ်မြရီ ၁၂/စခန(နိုင်)၀၀၄၇၂၉က ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။

ကျောက်တံခါး၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

ကျောက်တံခါး စက်တင်ဘာ ၁၅

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ ၇ရက် မွန်းလွဲ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဦးဝင်းတင်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်အခွန်ဦးစီးမှူး ဦးမောင်မောင်လေးက အမြတ်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်စည်းကြပ်ခြင်းဆိုင်ရာနှင့် စားသောက်ဆိုင် လုပ်ငန်းများမှ ကုန်သွယ်ခွန်ဥပဒေအရ ထားရှိရမည့် စာရင်းဇယားများ ထားရှိရေးနှင့် အခွန်အပြည့်အဝ ကောက်ခံရရှိရေးတို့ကို ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပွဲသို့ အခွန်ထမ်းပြည်သူ၅၀ကျော် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဦးပြုစုခြင်းနေ့ ဟားခါး၌ကျင်းပ

ဟားခါး စက်တင်ဘာ ၁၇

၂၀၀၉ခုနှစ် ကမ္ဘာ့ရွှေဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၂ရက်က ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ချင်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ကြက်ခြေနီအကြောင်း သိကောင်းစရာများ ပြောကြားပြီး ချင်းပြည်နယ်မှ ထူးချွန်ကြက်ခြေနီများအား ဆုများချီးမြှင့်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မြကန်သာပန်းခြံအတွင်း ဘဲစားမြက်စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင်က အမှုဆောင်အရာရှိ ဦးသက်ပိုင်အား ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချ

ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း ဈေးသန့်ရှင်းသာယာလှပရေးနှင့် သား၊ ငါးရောင်းချသည့် ဆိုင်များတွင် ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှုကို မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဟုန်စိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြစ်ကြီးနား၌ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၁၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဌာနစိတ်မှ ဦးနေလင်းကျော် (ကျန်းမာရေးမှူး-၂) ဈေးနှင့်သားသတ်ဌာနစိတ်မှ ဒေါ်ရွှယ်ဂျာ(ဒုဦးစီးမှူး-ဈေး)နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆားလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၉ရက်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် အမှတ်(၁) ဈေး၊ အမှတ်(၂)ဈေးနှင့် ရေစင်တွင်းဈေးများရှိ ဆားရောင်းချသော ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခဲ့ကြောင်းသိရသည်။ ***(မြို့နယ်စည်ပင်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုဇုန်ထုတ် ပစ္စည်းများကို အရည်အသွေး စံချိန်စံညွှန်းမီစွာဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်းဆောင်းပါးအညွှန်း



မြင့်မောင်စိုး၏ ထာဝရငြိမ်းချမ်းနေမည့် စိန်လုံတောင်တန်း လွယ်ဂျယ်လမ်း သတင်း ဆောင်းပါးကို စာမျက်နှာ(၆)တွင် ဖတ်ရှုနိုင်ပါသည်။

စက်မှု(၂) ဝန်ကြီးဌာန အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ (မလွန်)မှ ထုတ်လုပ်သော သုံးဘီးလမ်းကြိတ်စက်များကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

လုပ်ငန်းတွင်ကျယ်စေရန်အတွက် သုံးဘီးလမ်းကြိတ်စက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၈

ယနေ့အချိန်သည် စက်မှုနိုင်ငံအဖြစ် တည်ဆောက်နေသော ကာလဖြစ်သည်။ စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် အရည်အသွေးမြင့်သည့် အတတ်ပညာရှင်များနှင့် စံချိန်မီသည့် စက်မှုကိရိယာများ၊ စက်ပစ္စည်းများထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ထိုအချက်များကို အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဖြည့်ဆည်းပေးလျက်ရှိနေပြီ ဖြစ်သည်။

ထုတ်လုပ်

အရည်အသွေးမြင့်ပြီး စွမ်းဆောင်ရည်ကောင်းမွန်သည့် စက်ပစ္စည်းများ ထုတ်လုပ်ပေးရာ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း

စာမျက်နှာ ၉ ကော်လံ ၃ ✳

29-9 (20).pmd 1 9/28/2009, 2:17 PM